


၁၈၀ ၁၅ ၂၉-၃၅

၃ ၈

တောင်ငူခေတ်အကျဉ်းချုပ်

နှင့်

ရွှေဆံတော်ဘုရားသမိုင်း

★

ရေးသူ
ဦးချမ်းမြ၊ မဟာဝိဇ္ဇာဘွဲ့ရ
မန္တလေး တကသိုလ်။

★

ရွှေဆံတော်ဘုရားသမိုင်း နောက်ဆက်တွဲ

ရေးသူ- ဦးဘစော
ရိက္ခာဗေတာရ ဓရိုင်ရဲဝန်။

★

[illegible]

တောင်ငူမြို့
ရွှေဆံတော်ဘုရား ဂေါပကအဖွဲ့
မှ ပို့ဝ်။

မာတိကာ

★

အကြောင်းအရာ စာမျက်နှာ

တောင်ငူရာဇဝင်အကျဉ်းချုပ်နှင့်၊
တောင်ငူမြို့- ရွှေဆံတော်ဘုရားသမိုင်း
ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်း ၁
နိဒါန်း ၅
အတိတ်သမိုင်း ၉
တောင်ငူပြည်အစ သဝန်ညီနောင်က ၁၀
တောင်ငူမင်းဆက်များ ၁၄
တောင်ငူ၊ ကေတုမတီမြို့ ၁၆
ကေတုမတီမြို့တည်ပုံ ၁၈
တီ(၉)တီနှင့် ကုန်း(၉)ကုန်း ၁၉
ကေတုမတီတဝိုက်ရှိ ဘုရားစေတီတော်များ ၂၁
မင်းတရားရွှေထီး နန်းတက်ခြင်း ၂၃
တောင်ငူပြည်ကို အထိန်းတော်ကြီးအား ပေးခြင်း ၂၄
သားတော် မင်းရဲသီဟသူ နန်းတက်ခြင်း ၂၅
ဆံတော်ရှင်ဘုရားကုန်းတော်နှင့်
သီခ်ိဳသူမင်း၏ အရိုးအိုးကူ ၂၆
သကျမဉ္ဇူဘွဲ့တော်နှင့် ကြေးသွန်းဘုရားကြီး ၂၆
ဆံတော်ရောက်လာခြင်း ၂၇
ဆံတော်ရှင်ဘုရားကို တည်တော်မူခြင်း ၂၈
ရွှေဆံတော်ဒါယကာ နတ်ရွာစံ၍ သားတော်ကြီး
နန်းတက်ခြင်း.... .... ၃၂

မာတိကာ

နတ်သျှင်နောင် နန်းတက်ခြင်း ၃၇
ရွှေဆံတော်ဘုရားသမိုင်း နောက်ဆက်တွဲ ၄၁

☆ ☆


ပါဝင်သည့်စာတမ်းပုံများ။

၁။ တောင်ငူမြေပုံ။
၂။ မူလရွှေဆံတော်ဘုရားကြီးပုံတော်။
၃။ တဝဂူဘုရားပုံတော်။
၄။ သာသနာ(၂၅၀၀)အထိမ်းအမှတ် တံခွန်တိုင်ကြီးပုံ။
၅။ ရွှေဆံတော်ဓါတ်ပေါင်းစေတီတော်ပုံ။
၆။ ကိုးခန်းသိမ်တော်ကြီးပုံ။
၇။ မဟာမုနိရုပ်ပွါးတော်တန်ဆောင်းကြီးပုံ။
၈။ အာရုံခံအုတ်တန်ဆောင်းကြီးပုံ။
၉။ ပြိုကျပျက်စီးနေသည့် ဌက်ပျော်ဖူးကြီးပုံ။
၁၀။ ယခု အသစ်တဖန် တည်ဆောက် ပြီးစီးသော
ရွှေဆံတော်ဘုရားကြီးပုံတော်။
၁၁။ သာသနာတော်စောင့် နတ်မင်းကြီး၏ပုံ။

★

မျက်နှာဖုံး

ဤစာအုပ်မျက်နှာဖုံးပုံမှာ၊ ယခုအသစ် တည်ဆောက်ပြီးစီးပြီ ဖြစ်သော "ရွှေဆံတော်ဘုရားကြီး"ကို အရှေ့ဘက်မုခ်မှ ဖူးမျှော် ရပုံ ဖြစ်ပါကြောင်း။


ဧရာဝတီမြစ်ဝကျွန်း
ဗန်းမော်
ကွမ်းကြိုင်ကွက်
ကသာ
ကျောက်ဆည်
ပုဂံ
ချောက်
ရေနံချောင်း
မြင်းခြံ
မြို့ကြီးငယ်
ရွာကြီးငယ်
ရေနံကြီးငယ်
ရေနံတွင်းတူးစက်
ရေနံတွင်းတူးစက်ပျက်
ရေနံတွင်းတူးစက်ပြန်ရောက်
ရေနံတွင်းတူးစက်ပြန်ပျက်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန်
ရေနံတွင်းတူးစက်ပြန်ရောက်ပြန်
ရေနံတွင်းတူးစက်ပြန်ပျက်ပြန

ဖတာင်ဂူရာဇဝင် အကျဉ်းချုပ်နှင့်

ဖတောင်ဂူမြို့

ရွှေဆံတော်ဘုရားသမိုင်း

ဖြစ်ပေါ် လာရခြင်း၏ အကြောင်းရင်း ။

★ ★ ★

သို့- ဦးချမ်းမြ

(မြန်မာစာ ပါမောက္ခ) မြန်မာစာပေဌာန

မန္တလေးတက္ကသိုလ်- မန္တလေးမြို့ ။

အကြောင်းအရာ ။ ။ တောင်ငူမြို့- ရွှေဆံတော်ဘုရား သမိုင်းကို ပြင်ဆင် သုံသပ်ပေးရန် မေတ္တာရပ်ခံခြင်း ။

လူကြီးမင်းခင်ဗျား ။

အထက်ပါကိစ္စနှင့်ပတ်သက်၍ တောင်ငူမြို့-ရွှေဆံတော် ဘုရားသမိုင်းကို ပြုစုရေးသားထားရှိရန် လက်ရှိ ဂေါပက အဖွဲ့၏ တာဝန်ဝတ္တရားတရပ်အနေနှင့် ယူဆ ထားခဲ့မိကြ သည့် အလျောက် လက်လှမ်းမှီရာ ပုဂ္ဂိုလ်များထံမှ ရရှိနိုင် သော **ရွှေဆံတော်စေတီတော်နှင့် ပတ်သက်သော** စာရွက် စာတမ်း သမိုင်း စသည်များကိုၾကည့်၊ အကြံဉာဏ်များကို ၾကည့်၊ ရယူခဲ့ပြီး (ပူးတွဲပါ) သမိုင်းကို ရေးသား ပြုစုခဲ့ကြ ပါသည်၊ သို့မဟုတ် စာစုခြင်းအမှု ပြုခဲ့ကြပါသည် ။

သို့လင့်ကစား စုံလင်ပြီ ပြည့်စုံပြီ ဟု မယူဆနိုင်သဖြင့် တောင်ငူသားဇာတိ ဖြစ်၍ ရာဇဝင် သမိုင်း စသည်များကို လိုက်စား လေ့လာ ခဲ့ပြီး၊ အမည် အားဖြင့် ထင်ရှား ကျော်ကြားလျက် ရှိသော လူကြီးမင်းထံသို့ အကြံဉာဏ်များ တောင်းယူရန်နှင့် လိုအပ်ချက်များ ဖြည့်သွင်းရန် လက်ရှိဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး ခရိုင်ဝန်မင်းနှင့် တကွ အဖွဲ့ဝင် အားလုံးက ဆန္ဒရှိကြပါသည်။

သို့အတွက် ယခု ပူးတွဲ ပေးပို့ လိုက်သော သမိုင်းကို လိုအပ်ချက်များဖြည့်သွင်းပေးရန်၊ သို့မဟုတ် လူကြီးမင်း သဘောအတိုင်း (မြန်မာစာ ရိုးရိုးဖြင့်) အသစ် ရေးသား ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ -

(ပုံ) ခင်မောင်ညွန့်- အတွင်းရေးမှူး

(ခရိုင်သာသနာရေးအရာရှိ)

ရွှေဆံတော် ဂေါပကအဖွဲ့-

တောင်ငူမြို့။

သို့—

အာတ္တဉ်းရေးမှူး

ရွှေဆံတော်စေတီတော်ဂေါပကအဖွဲ့

တောင်ငူမြို့။

ကိုစု။ ။ ရွှေဆံတော်ဘုရားသမိုင်း။

လေးမြတ်စွာ အစီရင်ခံပါသည်ခင်ဗျား။

မကြာမီက—တောင်ငူရွှေဆံတော်စေတီဂေါပကအဖွဲ့မှ ကျွန်တော် ထံသို့ တောင်ငူ- ရွှေဆံတော် ဘုရား သမိုင်း တစောင်ကို ရေးသားပေးပို့ပါရန် မေတ္တာ ရပ်ခံခဲ့သည့် အတိုင်း၊ ယခုဤစာနှင့်အတူ မအားမလပ်နိုင်သောအလုပ် များး အကြားမှပင် ကြိုးစား ရေးသားပြီး ပေးပို့လိုက် ပါသည်။ အကောင်းဆုံး အမှန်ဆုံး ဟု မဆိုနိုင်စေကာမူ၊ အသင့်အတင့် လက်ခံနိုင်ဘွယ်ရာ ရာဇဝင်သမိုင်းများး ပါရှိ လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ဤစာအုပ်ကို ရွှေဆံတော် ဘုရား စေတီ တော်ကြီး အတွက် ဖြစ်ပါမူ မည်သည့် နည်းဖြင့်ပင် သုံးသုံး၊ ဘုရား လူကြီးများ၏ ဆန္ဒအတိုင်း စိမံဆောင်ရွက်စေလိုပါသည်။

ကျွန်တော် ကိုယ်တိုင်ပင်လည်း တကြိမ် တခါက ဤ ဘုရား စေတီတော်ကြီး၏ ဂေါပကဂဉီး ဖြစ်ခဲ့ ဘူးသည့် အလျောက်၊ ယခုကဲ့သို့ အနည်းငယ်မျှအကျိုးဆောင်ခွင့်ရ သည်ကိုပင် များစွာ ဝမ်းမြောက် ကြည်နူးလျက် ရှိပါ ကြောင်း အစီရင်ခံအပ်ပါသည်ခင်ဗျား။

အထူးအကြံပေးလိုသည်မှာ၊ ရွှေဆံတော်ဘုရားကြီး၏ အင်္ဂလိပ်မင်းများ လက်ထက်မှ စ၍ ယခု မျက်မှောက် သမိုင်းကို ဤစာအုပ်တွင်နောက်ဆက်တွဲအဖြစ်ထည့်သွင်း ရေးသားနိုင်ပါက ပိုမိုပြည့်စုံဘွယ်ရာပင်ဖြစ်ပါသည်။ ယခင် ကျွန်တော်ထုတ် ပုံဘူးသည့် မျက်မှောက်ခေတ် သမိုင်းကို နောက်ဆက်တွဲ အဖြစ် ထည့်သွင်း နိုင်လျှင် ပိုမို ပြည့်စုံ လိမ့်မည် ထင်ပါကြောင်း။

(ပုံ) ချမ်းမြ
ပါဓေယျကွ
မြန်မာစာပေဌာန၊
မန္တလေးတက္ကသိုလ်။

☆ ☆

နိဒါန်း

နိဒါန်းရေးသူ၏ ဝတ္တရားသည် စာရေးသူနှင့် စာဘတ်သူကို မိတ်ဆက်ပေးရမည်။ သို့မဟုတ်, ပဲ့ကပြရာတွင် မင်းသို့မဟုတ် မင်းသား နှစ်ပါးသားထက်ခါနီး၌ လက်စဲ့တော်များက (သို့မဟုတ်- ပဲ့ကြည့် ပရိသတ်ကို နည်းအမျိုးမျိုးဖြင့် ရယ်စေ၊ ရှင်စေ၊ စဲ့မက်သဲ့စေ နိုင်အောင် ပြုလုပ် ဆောင်ရွက် နိုင်သူများက) မင်းသား မည်သူ-မည်ဝါ၊ မင်းသို့မဟုတ် မည်သူ-မည်ဝါ စသည်ဖြင့် ဂုဏ်ဒြပ်များကို ဖေါ်၍ ပရိသတ်နှင့်မိတ်ဆက်ပေးပြီးမှ မင်းသားမင်းသို့မဟုတ်များကို အသံထွက် လက်လှုပ် စသော အမူအရာများကို ပြစေ, ပြုလုပ်စေဘိ သကဲ့သို့၊ ယခု သမိုင်းကို ရေးသားသူသည် မည်သူ မည်ဝါ၊ ဂုဏ်ဒြပ်ကား-မည်ပုံမည်သို့ သမိုင်း ထွက်ပေါ်လာအောင် မည်သို့ ဆောင်ရွက်ခဲ့ရသည် စသည်ဖြင့် အချက်အလက် များကို ဖေါ်ပြရန် ဝတ္တရား ရှိသည့်အလျောက် အောက်ပါအတိုင်းဖေါ်ပြပါတော့မည်။

ဤသမိုင်း ထွက်ပေါ်လာအောင် ဂေါပကအဖဲ့ဝင် ဥက္ကဋ္ဌ အစည် အဆက်ပင် ကြိုးစား ခဲ့ကြောင်း သိရှိရ ပါသည်။ သို့လင့်ကစား အကြောင်း အမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ကြပါ။ တောင်ငူ သည်ကား မြန်မာ့ရာဇဝင် မြန်မာ့သမိုင်း တွင် ထင်ရှား ကျော် ကြားခဲ့သည့်အလျောက်၊ စေတီ,ပုထိုးများလည်း ထင်ရှား ကျော် ကြားခဲ့ပါသည်။ သို့ကျော်ကြားခဲ့သော်လည်း **"ရွှေဆံတော်စေတီ"** စသော စေတီများ၏သမိုင်း၊ သို့မဟုတ် ရာဇဝင်ကို မေးပါက မြို့ခံ ဂေါပကအဖဲ့ဝင်တိုင်းလိုပင် **"မင်းကြီးညို"** ကိုသာ လက်ညှိုး ညွှန်ကြ

ပေသည်။ "မင်းမသိ- ငြဟ္မဒတ်၊ ပြည်မသိ- ဗာရာဏ" ဟူသော ပဒေသရာဇ်ခေတ်အသုံးအနှုန်းကဲ့သို့ပင် မှတ်ယူခဲ့ပါသည်။

ထိုကဲ့သို့ မကဲ့မပြားရှိနေသဖြင့်၊ မိမိနှင့်တကွ မြို့နယ်လူထုပါ ငံ့စားခဲ့သောသမိုင်းကား ရေစုန်မျော ရမည်ကဲ့သို့ ရှိနေခဲ့ရာတွင် ဂေါပကအစည်းအဝေးတခုမှ သမိုင်းပြုစုရေးအဖွဲ့ငယ်တခုကိုဖွဲ့စည်း ပေးခဲ့ပြီး သမိုင်းကိုရှာဖွေပြုစုစေခဲ့ရပါတော့သည်။ယင်းအဖွဲ့ငယ်မှ သမိုင်းပြုစုပြီး ဂေါပကအဖွဲ့သို့ တင်ပြရာတွင် ပြည့်စုံ လုံလောက်မှု မရရှိနိုင်သေးဟု သဘောရရှိခဲ့သည့်အလျောက်-

> "တောင်ငူသားဇာတိဖြစ်၍ စာပေနယ်တွင်ထင်ရှားလျက် ရှိသော မန္တလေးတက္ကသိုလ် မြန်မာစာပါမောက္ခ မဟာဝိဇ္ဇာ ဘွဲ့ခံ ဦးချမ်းမြ ထံ ရေးပြီးသော သမိုင်းကို ပို၍ ပြင်ဆင် ဖြည့် စွက် ပေးရန်နှင့်၊ တတ်နိုင်, ဖြစ်နိုင်ပါက မြန်မာစာ စကားပြေ သက်သက်ဖြင့် သမိုင်းတစောင် ထပ်မံ ပြုစုပေးရန် တောင်းခံ လိုကြောင်း"

အကြံဥာဏ် ပေးသည့်အတွက်၊ ဂေါပကအဖွဲ့မှ သဘောတူညီ ချက်ဖြင့် ဦးချမ်းမြထံ ပူဆာခဲ့ရပါတော့သည်။ ဦးချမ်းမြကလည်း သဘောတူကြည်ဖြူစွာနှင့်ပင် (သူ၏ မအားမလပ်နိုင်အောင် ရှိနေသော အလုပ်များကြားမှ) ဤသမိုင်းကို ရေးသားပြုစု ပေးပို့လိုက် သဖြင့်၊ ဂေါပကအဖွဲ့ကိုယ်စား ဝမ်းသာမဆုံး ဖြစ်ရပါသည်။


ဤသမိုင်းကို ရေးသားသူနှိုက်ကပင် "အကောင်းဆုံး အပြည့် စုံဆုံး" ဟု မဆိုနိုင်စေကာမူ "ပညာရှိများ လက်ခံနိုင်သော သမိုင်း ဖြစ်ပါလိမ့်မည်" ဟု ဘော်ပြထားသဖြင့် သမိုင်းအတွက် အထူး ဝေဘန်ရေးသားရန် လိုအပ်မည်မထင်ပါ။ စာဘတ်သူ မိတ်ဆွေ၏

ကိုယ်ပိုင်ဥာဏ် မှတ်ကျောက်ဖြင့်သာ နှိုင်းချိန်ပါရန် တိုက်တွန်း လိုပါ၏။


ဤသမိုင်းကို ပြုစုရေးသားသော ဦးချမ်းမြအား၎င်း၊ သမိုင်း ဖြစ်ပေါ်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီ အားပေးကြ သော သမိုင်းပြုစုရေးအဖဲ့ဝင်ယ်အား၎င်း၊ ပုံနှိပ်စက်လုပ်ငန်းအား ဖြင့် ကောင်းမွန်သပ်ယပ်စွာ ပေါ်ထွက်လာအောင် စေတနာရှေထား၍ ကိုယ်ဘိ ရင်ဘိ အကူအညီ ပေးသော ဇေယျပုံနှိပ်တိုက် ပိုင်ရှင်– ဦးဝင်းမောင်အား၎င်း ကျေးဇူးကြွေးမြီ တင်ရှိနေကြောင်း မထိမ်မချန် ဝန်ခံပါ၏။ ယင်းကျေးဇူးတရားကို ဤစာအုပ်ဖြင့် တတ်နိုင် သလောက် ဆပ်ခြင်းပင် ဖြစ်ပါ၏။ ဤသမိုင်းကို ဘတ်၍ ဒိဋ္ဌ သံသယ ကင်းကြပါစေသော်။

(ပုံ) **ခင်စိန်၊** ဥက္ကဋ္ဌ၊
ခရိုင်ဝန်
ရွှေဆံတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖဲ့
တောင်ငူမြို့။

နေ့စဲ့ ၂၁-၁၂-၆၂။



မူလရွေဆံတော်ဘုရားကြီး ပုံတော်။



ရွှေဆံတော်ဘုရားကြီး အင်္ဂါဒေါင့်ရှိ တဝဂူဘုရားပုံတော်။

တောင်ငူ ရာဇဝင်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အတိတ်သမိုင်း။

ရှေးအခါသမယက နာမပြည့်လိုင်း၊ ဇေယျာဝအုန်တိုင်း ဟူ၍ သမိုင်းမှတ်ဆောင်၊ မော်ကွန်း ထောင်အပ်သော့၊ တောင်ငူမြို့ အဝင်အပါ ရပ်ဌာနာသည်ကား၊ ငါတို့မြတ်စွာဘုရား အလောင်း တော် ကြက်မင်းညီနောင် ဖြစ်စဉ်အခါက၊ လှည့်လည်ပျော်ပါး ကျက်စားရာဌာနကြီး ဖြစ်ခဲ့ဘူးပေသည်။

ဂေါတမ ရှင်တော် ပဌဝ်တော် မူပြီးနောက်၊ သုနာပရန္တ တိုင်း ခေါ်ရာ မြန်မာပြည်တွင် စွဲဋ္ဌပုဏ် မဟာပုဏ် ကုန်သည်ညီနောင်တို့ သဒ္ဓါဟုန်ကြူလန်း၍ လှူဒါန်းတော်မူသော နံ့သာ ကျောင်းကို ထေရ်ပေါင်းငါးရာ၊ နောက်တော်ပါနှင့် မြတ်စွာအရှင်သည် သာသ နာတော် စည်ပင်စေခြင်းအလို့ငှါ၊ ကြွလာခံယူတော်မူပါသတည်း။

ထိုသို့ကြွမြန်းလာတော်မူရာဝယ်၊ အဟိုရှေးခါ နုစဉ်စဝယ်၊ ဇာတ်ကုက္ကဋ ကြက်မင်း၏ဘဝကို သုံးလှဘရှင် မြင်တော်မူ၍ ယခု မြတ်စောညီနောင် ရှေးယခေါင်ခေါ် သရဏည်းဘုရားစေတီတော် မြတ်တို့ တည်ရာကုန်းထိပ်တွင် ခေတ္တာကုန်းထောက် ကြွရောက်တော်

မူပြီး၊ ပြုံးတော်မူသဖြင့် အရှင်အာနန္ဒာ မေးလျှောက်ရာတွင်၊ ယခင်ရှေးယခေါင် ကြက်ညိုနောင်ဘဝတွင် ဤဒေသဤနေရာမျှားဌ် ကျက်စားပျော်ပါးတော်မူခဲ့ဘူးဟန် အတိတ်ကို ဗျာဒိတ် မြွက်ကြားတော်မူ၍၊

"ငါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် ဇမ္ဗူဒီပါတိုင်းအလုံးကို သိမ်းကျုံးစိုးအုပ် မင်းလုပ်တော်မူသော သိရိဓမ္မာသောက ရာဇာသည် ငါဘုရား၏ လက်ရုံးတော်ခါတ်၊ အောက်မေးတော်ခါတ်တို့နှင့် မွေမြတ် ရှစ်ဆူတို့ကို ကြည်ဖြူသဒ္ဓါ သာသနာစိုးပွါးမျှားအံ့စေသော၎၊ တည်ထား ကိုးကွယ်လတ္တံ့" ဟူ၍ မိန့်တော်မူသတည်း။

ထိုသို့ ဗျာဒိတ်စကား မြွက်ကြားဘူးချက်အတိုင်း၊ သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သိရိဓမ္မာသောကရာဇာသည်၊ ဇေယျာဝဗုန နာမပြည့်လို်င်း၊ ဤသည်တိုင်းဌ မဆိုင်းမလတ်၊ အောက်မေးတော်ခါတ်နှင့် လက်ရုံးတော်ခါတ် မွေမြတ်ရှစ်ဆူတို့ကို ဌာပနာတော် မူရာဖြစ်သော သရဏည်းညီနောင်နှင့်- ကျောက်ဆောက် မုဋ္ဌောညီနောင်တို့ကို တည်ဆောက်ကိုးကွယ်တော်မူပါသတည်း။

တောင်ငူပြည်အစ သဝန်ညီနောင်က

ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံပြည် ရွှေနန်းကို စံမြန်းစိုးစံတော်မူသော သိကြားမင်း ဆက်ကပ်သည့် ဘွဲ့မြတ်တံဆိပ်ဖြင့် ဂုဏ်ဟိတ်လန်းလူနရပတိစည်သူ (အလောင်းစည်သူလည်းခေါ်၏) မည်သောမင်းသည် သုနာပရန္တတိုင်းမတခွင်ကို လှည့်လည်စံပယ်တော်မူခိုက်၊ အထက်အညာ သာယာစွာလျက် တောင်ယံထက်ဝယ်၊ ရွှေကြက်ယက်, ရွှေကြက်ကျ ဘုရားလှူနှစ်ဆူကို ဖူးမြင်တော်

မူမည်ဟူ၍ ရွှေဖေါင်တော်ဖြင့် ရောဝတီမြစ်ညာကို ဆန်တက်တော်မူလာရာတွင် မ်ကျောင်းတကောင်သည်ရွှေဖေါင်တော်ကို ကျောက်ကုန်းနှင့် ထမ်း၍ ရန်မူသောဟူ၏။ ထိုအခါကာလ ယောကျ်ားကောင်းသတ္တိသွေးဖြင့်"ရန်မန်ငထွေး"ဟူသော သူရဲကောင်းသည် ရေသို့ဆင်းလိုက်၍ ယှဉ်ပြိုင်တိုက်ခိုက်ရာ မိကျောင်းမိုက်ကို အောင်လေသည်။ နရပတိစည်သူမင်းသည် လွန်စွာအားရတော်မူရကား သားတော်ဇေယျသိခံ၏နှမနှင့် ထိမ်းမြားပေးစားတော် မူပြီးလျှင် အနန္တသူရိယဟူသောဘွဲ့ကိုနှင်းအပ်သူကောင်းပြုတော်မူသတည်း။

ထိုအနန္တသူရိယမှ သားတော် မင်းလုံစောကို မြင်၍၊ ထိုသားတော် မင်းလုစောမှသည်၊ သားတော်သဝန်လကျ်ာကို မြင်တော်မူ၏။ အခါတပါးသော် အလောင်းစည်သူမင်းသည် တိုင်းခန်းလှည့်တော်မူရာဝယ်၊ ဤဇေယျာဝဘုန်တိုင်းသို့ ရောက်တော်မူလာ၍ သရဏည်းညီနောင် ဘုရားနှင့် ကျောက်ဆောက်ညီနောင်ဘုရားများကို ဖူးမြင်တော်မူရကား၊ ပြိုပျက်လေသော ဘုရားများကို ပြုပြင်ရန် အနန္တသူရိယအမတ်အား လွှဲအပ်တော်မူသည်။

အနန္တသူရိယအမတ်၏သားတော် မင်းလှစောနှင့် မြေးတော် သဝန်လကျ်ာတို့သည် ဇေယျာဝဘုန်တိုင်းရှိ ကမ္ဘားမြင့် ရွာကို အခြေတည်လျက် လူသူရုံးစုကာဖြင့်၊ မြို့ရွာတည်ထောင်နေကြလေသည်။ ယင်းကမ္ဘားမြင့်ရွာသည်ကား- သရဏည်းညီနောင် ဘုရားမှ မြောက်ဘက် တာ (၂၅၀၀)ခန့် အကွာတွင် တည်ရှိ၍ သဝန်လကျ်ာ၏ လုံ့လဥဿဟခြောင့် ထိုကမ္ဘားမြင့်ရွာကြီးသည် ဆန်ရေစပါး ပေါများကြွယ်ဝပြီးလျှင် လူနေအိမ်ခြေ စည်ကားတိုးတက်လျက်ရှိသတည်း။ သဝန်လကျ်ာသည် ထိုကမ္ဘားမြင့်ရွာကို စားသော ရွာစားဖြစ်လာသတည်း။

မှတ်ချက်။ ။ ယင်းကမ္ဘားမြင့်ရွာကား ယခုကာလအခေါ် အားဖြင့် ဆွာမ္မိုကို ဆိုလိုသတည်း။

ထိုသို့သဝန်လကျ၍ ကြီးကဲစိုးအုပ်သော ရွာကြီးသည် လူသူစည်းရုံးလျက် မင်းနေပြည်တော်ကြီး သဖွယ် မြို့ရိုး သစ်တပ်တို့ဖြင့် ကာရံကာ၊ စစ်သည်အင်အား ဖြည့်ထားတင်းကြပ်၍ နေကြရာဝယ်၊ ကမ္ဘားမြင့်ရွာ၏ ဂုဏ်သတင်းသည် ခကျော်စောခြင်းဖြင့် တိုင်းတပါးဝင့်အောင် ပေါက်ရောက်လာခဲ့လေသည်။ ထိုအခါ မုတ္တမတိုင်းကို ပိုင်းခြားစိုးအုပ်တော်မူသော တလိုင်းမင်း ဝါရီရူသည် ခန့်ညားသည်ဖြစ်၍ စစ်သည်တပ်သားအလုံးဖြင့် ကမ္ဘားမြင့်ရွာကို တိုက်ခိုက်သိမ်းယူလေသည်။ အကြိမ်ကြိမ် တိုက်ခိုက်သည်တွင်မှ အောင်တော်မူသောဟူ၏။

ထိုနောက် တလိုင်းမင်းသည်၊ ကမ္ဘားမြင့်ရွာစား ဖြစ်သော သဝန်လကျ၏ သားသမီး မိဖုရားတို့ကို ယူဆောင်၍ ပေါင်းလောင်းမြစ် အကြအရပ်သို့ လှေဖြင့်စုံဆင်းလာကြပြီးလျှင် ရှေးယခင် အခါကာလက ပြုလုပ်မျိုးမျှား နေထိုင်ခဲ့ဘူးရာဖြစ်၍ ပြုရွာဟု ခေါ်သော ရွာကြီးတခုတွင် အကျယ်ချုပ်ထားလေသည်။

မှတ်ချက်။ ။ (ယင်းပြုရွာဟူသည်ကား ယခုအခါ ဖြူးရွာ သို့မဟုတ် ဖြူးမြို့ကို ခေါ်သတည်း)။

ကောဇာသက္ကရာဇ် ၆၄၀ ခုနှစ်တွင် ပြုရွာ၌ အကျယ်ချုပ်ဖြင့် ဘမ်းဆီးထားအပ်သော သဝန်လကျ၁သည်၊ မိမိနေရင်းကမ္ဘားမြင့်ရွာကို အလွန်လွမ်းဆွတ် ကြေကွဲတော်မူ၍၊ မိမိ၏သားတော် ၂ ပါး ဖြစ်သော သဝန်ကြီးနှင့် သဝန်ငယ်တို့ကို အပါးတော်သို့ ခေါ်လျက် ဤသို့မှာထားတော်မူသတည်း။!

ငါ့သားမျှားသည် ငါမရှိသည့် နောက်တွင် ဤပြုရာကြီးဌာ မနေကြဘဲ အခွင့်သာသည်နှင့်တပြိုင်နက် လှေဖြင့် ပေါင်းလောင်းမြစ်ကို ဆန်တက်၍ သွားကြလေ။ ဤနေရာမှ ခရီးတသောင်းခန့်တွင် ပေါင်းလောင်းမြစ်၏ လက်ဝဲဘက်ဌာ ချောင်းတက် တခုကို တွေ့လိမ့်မည်၊ ထိုချောင်းတက်အတိုင်း အနောက်ကို လိုက်သွားသည်ရှိသော် တောင်ငယ်အငူတခုကို တွေ့ကြလတံ့။ ထိုနေရာတွင် မြို့ရွာတည်ထောင်နေကြလေ၊ အကယ်၍ယခင်မြို့ရွာဟောင်းကို ပြန်တွေ့သော် ငါ၏နေရာဟောင်းဟုပင် မှတ်လေဟု မှာထားသတည်း။ ဤသို့မှာထားရာ၌ သဝန်ညီနောင်တို့သည် ကမ္ဘားမြင့်ရွာကို တွေ့လိမ့်မည်အထင်ဖြင့် မှာသတည်း။

ခမည်းတော်သဝန်လက်ျာလွှန်သော် သားတော်မျှား ဖြစ်ကြသည့် ဘဝန်ညီနောင်တို့သည် မှာထားရင်းစကားအတိုင်း ပေါင်းလောင်းမြစ်ကို ဆန်တက်၍လာကြရာဝယ်၊ ယခုအခါ- ခပေါင်းချောင်းဟု ခေါ်သောချောင်းတက်ကို ရှေးဦးစွာ တွေ့ကြလေ၏။ ထိုအခါ ခမည်းတော် အမှတ်ထားအပ်သောနေရာတည်းဟု အယူရှိကြပြီးလျှင် ထိုချောင်းတက်၏အတိုင်း အနောက်သို့ လိုက်လာကြလျက်၊ အနောက်တောင်ရိုးမ၏အငူကို တွေ့ကြရလေသည်။ ထိုအခါ ခမည်းတော်မှာကြားသော အရပ်ကား ဤအရပ်တည်းဟူ၍ အမှတ်ထားကြပြီးလျှင် ထိုနေရာကို တောင်ငူသမုတ်၍ မြို့ရွာတည်ထောင်နေကြကုန်သတည်း။

မှတ်ချက်။ ။ (ထိုတောင်ငူငယ်အရပ်ကား- ယခုအခါ တောင်ငူမြို့၏ အနောက် ၁၂ မိုင်ခန့်အကွာ ကြက်ရိုးပင်ခေါ် ရွာအနီး၌ တောဖြစ်၍ နေချေပြီ)။

တောင်ငူမြို့ကို တည်ပြီးနောက်တွင် သဝန်ညီနောင် တို့သည် လူသူရုံးစည်း၍ နောက်လိုက်နောက်ပါ အခြေအရံများလှသည်နှင့် ဤတောင်ငူကား- မြို့ကျဉ်းလှသည်၊ သည်ထက်ကြီးသည့် မြို့ကို တည်ထောင်အုံဟူ၍ ထောင်မူးကရင်ဘကို ခေါ်၍ မြို့ရှာရှာကြပြန်သော်၊ ထောင်မူးကရင်ဘသည် တောင်ငူငယ်၏ မြောက်ဘက်သို့သွား၍ ကြခတ်တောကြီးကို ရှင်းပြီးလျှင် သင့်မြတ်သော မြို့နေရာကို တွေ့ကြရလေ၏။ တိုနေရာသို့ သဝန်ညီနောင်တို့သည် တဖန်ပြောင်းရွှေ့ကြပြန်လျက် မြို့၏အမည်ကို "တောင်ငူကြီး" ဟူ၍ သမုတ်သတည်း။

မှတ်ချက်။ ။(တောင်ငူကြီးသည်၊ ယခုကြက်ခိုးပင်ရွာ၏ မြောက်ဘက် ခပေါင်းမြစ်ဖျား မြောက်ဘက်တွင် ရှိသည်။ ယခု တောဖြစ်နေသော်လည်း ယင်းနေရာကို ယခုတိုင် တောင်ငူတောဟူ၍ ခေါ်နေကြသေး၏)။

တောင်ငူ မင်းဆက်များ

တောင်ငူကြီးကို သဝန်ညီနောင်တို့ စတင် တည်ထောင်သည့် သက္ကရာဇ်ကား ၆၄၄-ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် တနင်းလာနေ့ ဖြစ်သတည်း။ ထိုတောင်ငူမြို့ကို မင်းပြုကြသော မင်းအစဉ်ကား အောက်ပါအတိုင်းတည်း။

၁။ သဝန်ကြီးမင်း၊ သက္ကရာဇ် ၆၄၄ မှ ၆၇၉ ခုနှစ်။
၂။ ညီ သဝန်ငယ်၊ သက္ကရာဇ် ၆၇၉ မှ ၆၈၆ ခုနှစ်။
၃။ သဝန်ငယ် သား စောနှစ်၊ ၆၈၆ ခုနှစ်မှ ၆၈၇ ခုနှစ်။
၄။ ထောင်မူး ကရင်ဘ၊ သက္ကရာဇ် ၆၈၇ မှ ၇၀၄ ခုနှစ်။
၅။ ကရင်ဘ သမက် လက်ျာစကြာ၊ ၇၀၄ ခုနှစ်မှ ၇၀၆ ခုနှစ်။

၆။ လက်ျိုဝစကြာမင်း ညီ ထောက်လှုကား၊ ၇၀၄ မှ ၇၀၈ ခုနှစ်။
၇။ သိဂ်ပါမင်း(မင်းရိုးမဟုတ်)၊ ၇၀၈ မှ ၇၂၀ ခုနှစ်။
၈။ သားတော်ပျံချီကြီး၊ ၇၂၉ ခုနှစ်မှ ၇၃၇ ခုနှစ်။
၉။ မြို့စောင့် တလိုင်း မစိန် (တပါးမင်း) ၇၃၇ ခုနှစ်၊ ခုနှစ်လသာ။
၁၀။ ပျံချီကြီးသား ပျံချီငယ်၊ ၇၃၇ မှ ၇၄၁ ခုနှစ်။
၁၁။ ယောက်ဖတော် စုဂ္ဂတေး၊ ၇၄၁ မှ ၇၅၅ ခုနှစ်။
၁၂။ မင်းဖေါင်းကား(တပါးမင်း)၇၅၅ မှ ၇၅၉ ခုနှစ်။
၁၃။ ၎င်းသား မင်းစောဦး၊ ၇၅၉ မှ ၇၆၁ ခုနှစ်။
၁၄။ မင်းနေမိ(တပါးမင်း) ၇၆၁ မှ ၇၇၀ ခုနှစ်။
(တောင်ငူတွင် မင်းတုန်စလပ်၏။)
၁၅။ မင်းလက်ျိ၁(တပါးမင်း)၇၇၁ မှ ၇၇၃ ခုနှစ်။
၁၆။ စကုသန်ယ၁၊ ၇၇၃ မှ ၇၇၇ ခုနှစ်။
၁၇။ သား သန်ယ၁ငယ်၊ ၇၇၇ မှ ၇၈၀ ခုနှစ်။
(ရှမ်းဖျက်၍ တောင်ငူမင်းတုန်စလပ်၏။)
၁၈။ ပန်းတောင်းမင်း၊ ၇၈၁ မှ ၇၈၃ ခုနှစ်။
၁၉။ စော်လူးသန်ယ၁(မင်းရိုးမဟုတ်)၇၈၃ မှ ၇၉၇ ခုနှစ်။
၂၀။ သမက် ဥစ္စန၁၊ ၇၉၇ မှ ၇၉၈ ခုနှစ်။
၂၁။ စော်လူးသန်ယ၁ သား မင်းစောဦး၊ ၇၉၈ မှ ၈၀၄ ခုနှစ်။
၂၂။ မင်းတရဖျား(တပါးမင်း)၈၀၄ မှ ၈၀၇ ခုနှစ်။
၂၃။ သား မင်းခေါင်ငယ်၊ ၈၀၇ မှ ၈၁၃ ခုနှစ်။
၂၄။ မင်းငယ်ကျော်ထင်(တပါးမင်း)၈၁၂ မှ ၈၂၁ ခုနှစ်။
၂၅။ မင်းကြီးဓဇယျသူ(တပါးမင်း)၈၂၁ မှ ၈၂၈ ခုနှစ်။
၂၆။ အာထိန်းသား မြေထဲ မင်းပွေးမင်း၊ ၈၂၈ မှ ၈၃၂ ခုနှစ်။


၂၇။ စည်သူကျော်ထင် (တပါးမင်း) ဂဒ၂ မှ ဂဇ၃ ခုနှစ်။
၂၈။ သား မင်းကြီးစည်သူ၊ ဂဇ၃ မှ ဂဇ၇ ခုနှစ်။
၂၉။ တူ သမက် မင်းကြီးညို၊ ဂဇ၇ မှ ဂ၉၂ ခုနှစ်။

တောင်ငူ၊ ကေတုမတီမြို့


အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း မင်းဆက် ၂၉ ဆက်မြောက်ဖြစ်သော တောင်ငူကြီးတွင် သက္ကရာဇ် ဂဇ၇ ခုနှစ်တွင် အထွဋ်အမြတ်သို့ ရောက်တော် မူသော မင်းကြီးညို သည်၊ မဟာသီဓိရဇေယျသူ ဟူသော ဘွဲ့အမည်ကို ခံယူတော်မူ၍ တောင်ငူနန်းကို စိုးမိုးအုပ်ချုပ်တော်မူသည်။ ထိုနောက် တောင်ငူမြို့သည် ကျဉ်းမြောင်းလှသည်၊ ပေါင်းလောင်းမြစ်နှင့်လည်း အလှမ်းကွာသည်၊ မြို့ကို ပြောင်းရွှေ့ စံမြန်းရသော် ကောင်းအုံသတည်း ဟု ကြံ၍ ရွှေးဦးစွာ တောင်ငူကြီး မှ သည် ပုပ်ပဲခြောင်း အနီးသို့ ပြောင်း၍ ယင်းနေရာကို မြဝတီ သမုတ်တော်မူသည်။ ထိုမှတဖန် မြဝတီနေရာကို မကြိုက်နှစ်သက်ပြန်ရကား ခပေါင်း နှင့် ပေါင်းလောင်းဆုံရာအရပ်ဖြစ်သော နေရာကိုရွေးချယ်၍ မြို့ပြောင်း စံမြန်းတော်မူပြန်သည်။ ယင်းမြို့ကို ဒွါရာဝတီမြို့ ဟူ၍ သမုတ်တော်မူသည်။

မှတ်ချက်။ ။ (ယင်း ဒွါရာဝတီမြို့ကား၊ ယခု လောကုတ္တရာ ဟုခေါ်သော မြို့ကြီး ဟူ၍ အမည် ကျန်ရှိနေသေးသော နေရာပင်ဖြစ်သတည်း။)

မင်းကြီးညိုသည် ယင်းဒွါရာဝတီမြို့ကို သက္ကရာဇ် ဂ၅၃ ခုနှစ်တွင် တည်ထောင်တော်မူ၍ ပြောင်းရွှေ့ စံမြန်းတော်မူလေသည်။ ယင်းဒွါရာဝတီမြို့တွင် နှစ်ပေါင်း ၂၀ ကျော်မျှ စံမြန်းတော်မူပြီးသော် တိုင်းသူပြည်သား လူအများတို့ စည်ကားသိုက်မြိုက်လာသည်သာ



ရွှေဆံတော်ဘုရားကြီး အင်္ဂါဒေါင့်ရှိ သာသနာ (၂၅၀၀) ပြည့် အထိမ်း အမှတ်အဖြစ် စိုက်ထူထားသော တံခွန်တိုင်ကြီးပုံ။



ရွှေဆံတော်ဘုရားကြီး အင်္ဂါဒေါင့်ရှိ
သက္ကရာဇ် ၈၉၇ ခုနှစ်က တည်ဆောက်ခဲ့သော စေတီတော်ကို
အသစ်တဖန် ပြန်လည် တည်ဆောက်ထားသည့်
ဂရွှေဆံတော် ဓါတ်ပေါင်းစေတီတော်ပုံ။

မက၊ အင်းဝနေပြည်တော်မှလည်း လူအများ ကူးလာ ဝင်ရောက် ခိုဝင်ကြသည်နှင့် မြို့သစ်တည်ရန်ကြံစည်တော်မူပြန်၏။ မြို့နေရာကို ရှာပြန်သည်တွင် ပေါင်းလောင်းမြစ်၏ အနောက်ဖက်တွင် လျှောကန် သင့်မြတ်သောနေရာကိုတွေ့ရပြန်သဖြင့်၊ သက္ကရာဇ် ဂ၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် တောင်ဥမြို့ကို တည်ထောင် ဖန်ဆင်းတော်မူပြီး **"ကေတုမတီ"** ဟူသော အမည်ကို သမုတ်တော် မူသည်။ မင်းကြီးညိုကား နံတော် ဗုဒ္ဓဟူးသားတည်း။ မင်း၏ ဦးထိပ်တွင် ဆံတချောင်းကား ချည်တပြားခန့်ရှိတော်မူသည်။

မြို့ကိုတည်သောအခါ၌ ယခု လေးကျွန်းကန်တော် ဟု ခေါ်နေ သော "ကြာအင်း" ကို အတွင်းသို့သွင်း၍ တည်တော်မူသည်။

မှတ်ချက်။ ။ (မင်းကြီးညိုတည်တော်မူသောအခါက "ကေတုမတီ" မြို့၏နန်းတော် နေရာအမှတ်အသားကို တိကျစွာ မပြောနိုင်သော်လည်း ယခု **"မန်းရပ်"** ဟူသော အ ရပ်သည် ယခင်က မင်းနန်းတော်ရှိရာအရပ်ဖြစ်သည် ကို အစဲပြု၍ **"မင်းရပ်"** ဟု ခေါ်တွင်လာရာမှ မန်း ရပ် ဖြစ်လာသည်ဟုပင် ယူဆစရာဖြစ်ပါသည်။

မင်းကြီးညိုနောက်တွင် သက္ကရာဇ် ၉၆၃ ခုနှစ်၌ မင်းရဲသီဟသူဘဲခံမင်းသည်၊ တောင်ဥ ရွှေနန်းကို အသစ် ပြန်တည်ရာဝယ်၊ နန်းတော် နေရာကို အ နောက်မြောက်ဘက်သို့ အနည်းငယ် ရွှေ့၍ တည် သည်။ ထိုနေရာကား ယခု ဦးသုမနတိုက်ကျောင်း နေရာမှသည်၊မြောက်ဘက်ရှိအစိုးရစာသင်ကျောင်း အထိ နေရာပင်ဖြစ်သည်)။

ကေတုမတီမြို့ တည်ပုံ

မင်းကြီးညိုသည်၊ သက္ကရာဇ်- ၈၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် "ကေတုမတီ" ခေါ် တောင်ငူမြို့ကို တည်တော်မူသည်။ တည်တော်မူရာ၌ ကြာအင်းကိုအတွင်းသို့သွင်း၍ တည်တော်မူသည်။ ယင်းကြာအင်းဟူသည်ကား- စပယ်ကျန်း၊ ငှက်ပျောကျန်း၊ အုန်းကျန်း၊ လိမ္မော်ကျန်းဟူသော ကျန်းကြီး လေးကျန်း အပါအဝင်ဖြစ်သည့် လေးကျန်းကန်တော်ကိုဆိုလိုသတည်း။ ထိုသို့မြို့ကိုတည်ရာ၌ မြို့အရှေ့မှသည် အနောက်သို့ တာပေါင်း (၇၀၀)၊ မြို့တောင်မှသည် မြောက်သို့တာပေါင်း (၁၀၀၀) ဖဲ့လျက် မြို့၏ အကျယ်အဝန်းကို သတ်မှတ်၍၊ မြို့၏အရှေ့မြောက်ထောင့်ရှိ မဟာရုံရွှေကျောင်းကြီးနှင့်တပြိုင်တည်း ပန္နက်ရိုက်၍တည်တော်မူသည်။

မြို့၏လေးမျက်နှာတွင် မြို့တံခါး (၂၀) နှင့် သိမ် (၂၀) တို့ကိုလည်း တပြိုင်နက်တည်တော်မူသည်။ ယင်းတံခါးနှင့် သိမ်တို့၏ အမည်များကား အောက်ပါအတိုင်းဖြစ်သတည်း။

၁။ အရှေ့မျက်နှာတွင်- မာရ်အောင်တံခါး၊ ကျန်းဦးသိမ်တော်။
ပန်းချီတံခါး၊ စစ်ကဲသိမ်တော်။
အောင်နန်းတံခါး၊ ပြဿာဒ်သိမ်တော်။
တကောင်းတံခါး၊ ဆင်ဖြူသိမ်တော်။
ကျောက်ရင်းတံခါး၊ ဂါမဏိသိမ်တော်။

၂။ အနောက်မျက်နှာ- သစ်ရင်းတံခါး၊ ကန်ဦးသိမ်တော်။
ပေါရိုသတ်တံခါး၊ ဝါဆိုကုန်းသိမ်တော်။
စင်တံခါး၊ ကာမသိမ်တော်။

စစ်ရင်းတံခါး၊ ပန်းကြက်ခုံးသိမ်တော်။
ကလေးတံခါး၊ ကြက်မျှားသိမ်တော်။

၃။ တောင်မျက်နှာတွင်-ပုန်းညက်တံခါး၊ မဟာပြက္ခမသိမ်တော်။
ကုလားတံခါး၊ သိမ်တော်လှသိမ်။
ကြာမှုန်တံခါး၊ ဒိုင်းပုံသိမ်တော်။
လင်းသက်တံခါး၊ စုက္ကတေးသိမ်တော်။
ကြေးနီတံခါး၊ ရွှေကြက်ယက်သိမ်တော်။

၄။ မြောက်မျက်နှာတွင်-မြဝတီတံခါး၊ စကားသိမ်တော်။
သရဗာတံခါး၊ ဂူကြီးသိမ်တော်။
မော်ကွန်းတံခါး၊ ကျောင်းတော်ကြီးသိမ်
ရန်အောင်မြင်တံခါး၊ ယင်းတော်သိမ်။
ကြက်မျှားတံခါး၊ ခွေးရဲသိမ်တော်။

အထက်ပါ သိမ်တော်များကို တံခါးတော်များ၏ အထွက်တွင် ဆောက်လုပ်ထား၍ နှစ်စဉ်နှစ်တိုင်း ပဋ္ဌာန်းခံအလှူပုံတော်များကို ကျင်းပ၍ သာသနာတော်မြတ်ကို ချီးမြှင့်တော်မူသည်။

ယင်း သိမ်တော်များကို တံခါးတော် များနှင့် တပြိုင်နက် တချက်တည်း တည်တော်မူပြီးနောက်၊ တောင်ငူ ကေတုမတီ၏ ပတ်ဝန်းကျင်တွင်လည်း တီ (၉) တီ မြို့များနှင့် ကုန်း (၉) ကုန်း ဇနပုဒ်ရပ်များကို သတ်မှတ် တည်ထောင်တော်မူသည်။

ယင်း တီ(၉)တီနှင့် ကုန်း(၉)ကုန်းအရပ်တို့သည်ကား

၁။ **ဝေဠုဝတီ** ခေါ် ကြခတ်ဝံ့မြို့။
၂။ **ဓညဝတီ** ခေါ် ခပေါင်းချောင်း အနောက် (ပေါင်းလောင်း တိမ်)။

၃။ အောင်ချာငတီ ခေါ် ခပေါင်းချောင်းအနောက်။
၄။ ဒွါရာဝတီ ခေါ် မြို့ကြီး လောကုတ္တရာမြို့။
၅။ အာသာဝတီ ခေါ် ယခုမြို့ဆိုးမြို့။
၆။ ဇေယျာဝတီ ခေါ် ယခုဇေယျဝတီမြို့။
၇။ သေလာဝတီ ခေါ် ကျောက်မော်မြို့ (ယခုကျောက်ကြီး)။
၈။ ဖလဝတီ ခေါ် ယခုကြောင်ပြာမြို့။
၉။ ကေတုမတီ ခေါ် ယခု တောင်ငူမြို့။

၁။ ကျန်းတောကုန်း
၂။ ရေပုပ်ကုန်း
၃။ အိုးကုန်း
၄။ ထီးနီကုန်း
} တောင်ငူမြို့၏ တောင်ဘက်။

၅။ ကြက်လျှာကုန်း
၆။ ညောင်ကုန်း
၇။ သရဖီကုန်း
၈။ ပြဿာဒ်ကုန်း
၉။ ကန်တင်းကုန်း
} တောင်ငူမြို့၏ မြောက်ဘက်။

မင်းကြီးညိုသည် ကေတုမတီ တောင်ငူမြို့ကို တည်တော်မူရာ၌ မြို့၏ လေးထောင့် အရပ်ဘို့တွင် ကျောင်းအရံနှင့်တကွ မြို့ထောင့် စေတီတော်များကိုလည်း တည်ထားကိုးကွယ်တော်မူသည်။

၁။ မြို့၏အရှေ့မြောက်ထောင့်အရပ်တွင် မာရ်အောင်ဘုရား။
၂။ မြို့၏အရှေ့တောင်ထောင့်တွင် သာရမဉ္ဇူဘုရား။
၃။ မြို့၏အနောက်တောင်ထောင့်တွင် မြသိန်းတန်ဘုရား။
၄။ မြို့၏အနောက်မြောက်ထောင့်အရပ်တွင် မဉ္ဇူသာရဘုရား။

တောင်ငူမြို့ကိုအရှေ့မှအနောက်သို့ပိုင်း၍ လမ်းမကြီးငါးသွယ် ဖေါက်လုပ်တော်မူသည်။ လမ်းတသွယ် တသွယ်တွင် စောင်းတန်း (၂၀) ကျစီ ဆောက်တော်မူသည်။ မြို့ရိုးဧါထိပ် မြို့ပတ်လည်တွင် ၅ တောင်စီခြား၍ ထန်း ၂ ပင်စီ စိုက်တော်မူသည်။ တောင်ငူမြို့ မြောက်ဘက် တာ ၂၅၀၀ ကွာ၊ ဘာန္ဒောင်းကျေးတွင် လုံးပတ်သံတောင် (၁၈၀) အရပ်သံတောင် (၇၀) ရှိ စည်းခုံကြီးဘုရားကို တည်တော်မူသည်။ **သုဓောသဒ္ဒါစရိယ**ကျမ်းတွင် **သာသနာ**တော်ထန်းကာပြန့်ပွားရေးဦး စီး ကေတုမတီ တဝိုက်ရှိ ဘုရားစေတီတော်များ

၁။ တောင်ငူမြို့၏ အရှေ့ဘက် တာပေါင်း ၃၀၀၀ ကွာတွင် ရှေးအခါ ငါတို့ဂေါတမဘုရားသခင် ကြက်မင်း ညီနောင် ဖြစ်စဉ် အခါက ကျင်လည် ကျက်စားရာ ဌာနဖြစ်သည့် သီရိမမွာသောက မင်း တည်ရင်း မုဋ္ဌောဘုရား ညီနောင် ၂ ဆူ ရှိသည်။ သံသရာ ဝဲသြဃမှ ထွက်မြောက်လိုခြင်းကိုရည်သန်၍ လမင်းစန္ဒာ အသူရာ ခံတွင်းမှ လွတ်ချိန်တွင် ရှစ်သောင်းလေးထောင်သော ဘုရားတို့ကို တပြိုင်နက် တည်ဘော်မူရာ၊ ဤ မုဋ္ဌောဘုရား ၂ ဆူနှင့် တောင်ငူ အနောက်ဘက် တာ (၁၀၀၀၀) အကွာရှိ မုဋ္ဌောကျောက်ဆောက် ညီနောင် ဘုရား ၂ ဆူတို့ ပါဝင်သည်။ အရှေဘက်အရပ်ရှိ မုဋ္ဌော ညီနောင်နှစ်ဆူသည် တရထည်ချောင်း (ယခု ပြုံးချောင်း) ပေါ် တွင် တည်ရှိသည်ကို အစဲပြု၍ တရထည်ဘုရား (သရထည်းဘုရား) ဟုခေါ်သည်။ ထိုနောက်တွင်မှ မြတ်လှစ္စာသော ညီနောင်ဘုရား ဖြစ်ခြင်းကြောင့် မြတ်စောညီနောင်ခေါ်သည်။ မြတ်စော-မြတ်လှ ဆိုသော ပုဂ္ဂိုလ်တို့ တည်သည် ဟူသော အဆိုမှာ မခိုင်လုံလှချေ။ ထိုညီနောင်ဘုရားတို့တွင် နောင်တော်မှာ လုံးပတ်သံတောင် ၁၀၀

အရပ်သံတောင် ၃၀ ရှိ၍၊ ညီတော်မှာ လုံးပတ်သံတောင် ၁၉၀၊ အရပ်သံတောင် ၅၄ ရှိသည်။

၂။ တောင်ငူမြို့အရှေ့ဘက် တာပေါင်း (၂၀၀၀)ကွာ တွင် မြင်ထင်မြင်ပေါ် ဘုရား ၂ ဆူရှိသည်။ ယခုမြင်ပုန်းမြင်ထင်ခေါ်နေသည်။ လုံးပတ်သံတောင်(၈၀) အရပ်သံတောင်(၂၀)စီရှိသည်။

၃။ တောင်ငူမြို့၏ မြောက်ဘက် တာပေါင်း (၂၂၀၀) ခန့် "နောင်ပြင်"ခေါ် ရွေးအခါ ငါတို့မြတ်စွာဘုရားသခင် ရှေသမင် ဖြစ်စဉ်အခါက၊ ကျင်လည်ကျက်စားရာဌာနတွင် သီရိမမွာသောကမင်းကြီး တည်ထားသော ရွှေလက်လှဘုရားရှိသည်။ လုံးပတ်သံဘောင်(၁၄၄)၊ အရပ်သံတောင်(၃၆)ရှိသည်။

၄။ တောင်ငူမြို့ မြောက်ဘက် တာပေါင်း (၃၀၀၀) ခန့် တောင်ထိပ်ပေါ် တွင်သီရိမမွာသောကမင်း ညှပ်ရိုးတော်တချောင်းကို ဌာပနာ၍ တည်ထားရင်းစေတီတဆူရှိသည်။ ၎င်းကို ဂဏ္ဍုပလ္လင် ဘုရားဟု တွင်သည်။ နန္ဒပေါ် အရပ်ကို မြတောင်ညိုသမုတ်၍ ယင်းအရပ်တွင် တည်ထားကိုးကွယ်သည်။

၅။ တောင်ငူမြို့ အရှေ့မြောက်ဘက် တာပေါင်း(၂၈၀၀)ခန့် ပေါင်းလောင်းမြစ်၏ အရှေ့ဘက်ကမ်းနဖူးတွင် နရပတိစည်သူမင်း တည်ရင်း မြသီတင်ဘုရား (ယခုကန္ဒီဘုရားခေါ်၏) လုံးပတ်သံတောင်(၆၉) အရပ်သံတောင်(၃၁)ရှိသည်။

၆။ တောင်ငူမြို့ အနောက်ဘက်တွင် စောလူးသခ်ဲယာမင်း တည်သော မြနိန္ဒာဘုရား၊ လုံးပတ်သံတောင်(၃၉)၊ အရပ် သံတောင်(၁၂)ရှိသည်။

၇။ တောင်ငူမြို့ မြောက်ဘက်မင်းကြီးညို ဦးရီးတော်စတည်၍ မင်းကြီးညို ပြုပြင်တည်သော စည်းခုံကြီးဘုရား လုံးပတ်သံတောင်(၉၆)၊ အရပ်သံတောင်(၅၈)ရှိသည်။

၈။ တောင်ငူမြို့အနောက်တောင်ဘက် တာပေါင်း(၁၀၀၀၀) ခန့် ခပေါင်းချောင်းနား တောင်ထိပ်တွင် သီရိဓမ္မာသောကမင်း တည်ရင်း မုဋ္ဌောကျောက်ဆောက် ညီနောင်ဘုရား၊ လုံးပတ်သံတောင်(၁၄)၊ အရပ်သံတောင်(၉)စီရှိသည်။ (ယခု ရှင်ပင်ကျောက်ဆောက်ဘုရားခေါ်သည်)။

၉။ တောင်ငူမြို့ မြောက်ဘက် တာ(၅၀၀၀)ခန့်တွင် အင်ပင်ရွှေကူဘုရားရှိ၏။

၁၀။ တောင်ငူမြို့တွင်း တောင်ဘက်တွင် သက္ကရာဇ် (၉၀၇) ခုနှစ်၊ သိခ်ိသူမင်း တည်ရင်းမြစည်းခုံဘုရား လုံးပတ်သံတောင်(၁၉၀)၊ အရပ်သံတောင်(၉၅)ရှိသည်။

၁၁။ တောင်ငူမြို့ အရှေ့မြောက်၊ ပေါင်းလောင်းမြစ် အရှေ့ဘက် တာ ၃၀၀၀ ခန့်တွင် သရဓမ္မာသောကမင်း တည်ရင်း ချောင်းမမွေတော်ဘုရား၊လုံးပတ်သံတောင်(၆၀)၊အရပ်သံတောင်(၃၀)ရှိသည်။

၁၂။ ဒဲရာဝတီမြို့ဟောင်းနေရာ တောင်ထိပ်တွင် လောကုတ္တရာဘုရားရှိ၏။ ယင်းနေရာကား မြတ်စွာဘုရားသုနာပရန္တသို့ ကြွလာစဉ် ခတ္တကွန်းထောက်နားရာနေရာဖြစ်သည်။

မင်းတရားရွှေထီး နန်းတက်ခြင်း


သက္ကရာဇ် ဂ၉၂ ခုနှစ်တွင်၊ ကေတုမတီ တောင်ငူ ရွှေပြည်ကို ဘုန်းတော်ကွန့်မိုး စိုးမိုးစံမြန်းတော်မူသော ရွှေနန်းမသခင် ဘုရင်မင်းကြီးညိုသည် လူ့ပြည်ငြိုးငြိုးနတ်ထီးစံတော်မူရာဝယ်၊သားတော်တပင်ရွှေထီးမင်းသည် ရွှေနန်းစည်းစိမ်ကို သိမ်းမြန်း စိုးအုပ် မင်း

လုပ်တော်မူပါသတည်း။ ထိုမင်းလက်ထက် မင်းတရားရွှေထီးသည် မွန်လူမျိုးတို့၏ အချုပ်အချာ ရာဇဌာနီ ဖြစ်သော မုတ္တမ နှင့် ဟံသာဝတီပြည်ကို တိုက်ခိုက် သိမ်းယူတော်မူ၍ ဟံသာဝတီပြည်တွင် စံမြန်းလိုသောဆန္ဒ ရှိသည့်အလျောက် ဘုရင့်နောင် ကျော်ထင် နော်ရထာအား တိုင်ပင်လေသည်။

တောင်ငူပြည်ကို အထိန်းတော်ကြီးအား ပေးခြင်း


ဘုရင့်နောင်ကျော်ထင်နော်ရထာကလည်း ဘုရင်တပင်ရွှေထီး၏ အလိုတော်အရ၊ တောင်ငူရွှေနန်းတွင်စံမြန်းသည်ထက် မြန်မာနိုင်ငံတနိုင်ငံလုံးကို စုစည်း ကွပ်ကဲ၍ အချုပ်အချာ နေရာက အုပ်ချုပ်သင့်သည်ဟု ထင်မြင်ယူဆသဖြင့် ဟံသာဝတီသို့ ရွှေပြောင်းစံနေတော်မူရန် သင့်ကြောင်း အကြံပေးတော်မူလေသည်။ ထိုကြောင့် တောင်ငူရွှေပြည်ကို မည်သူ့အား အပ်နှင်းခဲ့ရမည်ဟု ဆင်ခြင်သည် ရှိသော်၊ တပင်ရွှေထီး မင်းတရားသည် လုပ်ရည်-ကိုင်ရည်- ဉာဏ်ရည်နှင့် ပြည့်စုံသော အထိန်းတော်ကြီး (ဘုရင့်နောင်၏ ခမည်းတော်လည်း ဖြစ်သည်၊) မင်းရဲသိန်သူ ကို မိမိ ခမည်းတော် နှင့် ထပ်တူ ကြည် ဖြူ လေးမြတ် တော်မူသ ဖြင့်၊ တောင်ငူရွှေပြည်ကို စိုးမိုး အုပ်ချုပ်နေခဲ့ရန် မင်းမြောက်တန်ဆာငါးပါးနှင့်တတ္ပ ပေးအပ်တော်မူသည်။


ထိုကြောင့် အထိန်းတော်ကြီး မင်းရဲသိန်သူသည် တောင်ငူရွှေပြည်ကို မင်းတရားကြီး ဟံသာဝတီသို့ ရွှေ့ပြောင်း စံနေတော်မူသည့် နှစ်ဖြစ်သော သက္ကရာဇ် ၉၀၂ ခုနှစ်တွင် သိမ်းမြန်း စိုးစံတော်မူသတည်း။ ဤမင်းရဲသိန်သူ ကား ဘုရင့်နောင်ကျော်ထင် နော်ရထာ၏ ခမည်းတော် ဖြစ်သည်။ သက္ကရာဇ် ၉၀၇ ခုနှစ်တွင်





ရန်ကုန်မြို့ ဗဟိုရဲစခန်းမှ ရဲအုပ်ကြီး ဦးဘိုးဝင်းက ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ ရဲတပ်ဖွဲ့ရုံးတွင်း ကျင့်သုံးရမည့် စည်းကမ်းများကို ရှင်းလင်းပြသနေစဉ်။





ဤသည်မှာ ဂိုဏ်းချုပ်ကြီးမှူး
ဘုန်းတော်ကြီးများ၏
ကျောင်းတိုက်ဆောင်ဖြစ်ပါသည်။



ရန်ဖူးစေတီတော်ကြီးမှ
ကျောင်းတော်သို့
ခရီး ၅ မိုင်ခန့်

ယခု ဇောင်ခြမ်းတောင်ရပ်ရှိ "မြစည်းခုံ" ဘုရားကို တည်တော်မူသည်။

သားတော် မင်းရဲသီဟသူ နန်းတက်ခြင်း

သက္ကရာဇ် ၉၁၀ ခုနှစ်တွင် တောင်ငူမြို့ကို စိုးအုပ် စံမြန်းတော်မူသော တပင်ရွှေထီးမင်းတရားကြီး၏အထိန်းတော်၊ ဘုရင့်နောင်မင်းတရား ခမည်းတော် ဖြစ်တော်မူသော မင်းရဲသိန်ခဲသူမင်းသည် နတ်ရွာစံကံတော်ကုန်သည် ဖြစ်သောကြောင့်၊ ဘုရင်တပင်ရွှေထီးမင်းတရားကြီးသည် ဘုရင့်နောင်၏ ညီတော်အလတ် ဖြစ်သော မင်းခေါင်အမည်ခံ တောင်ငူမင်း၏ သားတော်လတ်ကို တောင်ငူရွှေနန်းကို သိမ်းမြန်း စိုးစံစေတော်မူ၏။ ကိုးသိန်းသခင် ဘုရင်မင်းခေါင် ဟူ၍ ရာဇဝင်တွင် ထင်ရှားသည်။

ဟံသာဝတီရွှေပြည်တွင် တပင်ရွှေထီးမင်းတရားကြီးကို သက္ကရာဇ် ၉၁၂ ခုနှစ်တွင်၊ တလိုင်းမင်း သမိန်စောထွဋ်ဦး လုပ်ကြံသဖြင့် ကံတော်ကုန်ရှာသည်။ ထိုစဉ်အခါဘုရင့်နောင် မင်းတရားသည် ဒလ, ဒဂုံရပ်သို့ စစ်ချီထွက်တော်မူခိုက်ဖြစ်၍ ညီတော်မင်းတရား ကံတော်ကုန်ကြောင်းသိလျှင် စစ်သည်တော်များကို ရုပ်သိမ်း၍ တောင်ငူသို့ ချီတော်မူစေ၏။ တောင်ငူမင်း ဘုရင်မင်းခေါင်လည်း တောင်ငူကို အခိုင်အလုံ ပြု၍ နေသတည်း။ တောင်ငူမင်းသည် နောင်တော် ဘုရင့်နောင်အား ခြားနားလေသဖြင့် ဘုရင့်နောင်သည် တောင်ငူမြို့ကို တိုက်ခိုက်သိမ်းယူတော်မူလေသည်။

ဘုရင့်နောင်သည် တောင်ငူကို ရပြီးသည့်နောက်တွင် ညီတော်မင်းခေါင်အား ခွင့်လွှတ်တော်မူ၍၊ တောင်ငူမှနေပြီး ဟံသာဝတီပြည်ကို အလုံးအရင်းနှင့်တက္ခ လုပ်ကြံတော်မူသည်။ သက္ကရာဇ်

၉၁၄ ခုနှစ်တွင် ဟံသာဝတီပြည်အလုံးကို လက်ရသိမ်းပိုက်တော်မူလေသည်။

ဆံတော်ရှင်ဘုရား ကုန်းတော် နှင့် သီခ်ိသူမင်း၏ အရိုးအိုးကူ။

ဘုရင်မင်းကြီးညိုသည် ကေတုမတီတောင်ငူမြို့ကို တည်ထောင်ဖန်ဆင်းသည့်အခါကာလက၊ ယခုရွှေဆံတော်ဘုရား တည်ရှိရာကုန်းမြေသည် မိုမောက်သော ကုန်းမြေပြင် အဖြစ် တည်ရှိနေခဲ့သည်။ ဘုရင့်နောင် မင်းတရားကြီး၏ ခမည်းတော် တောင်ငူဘုရင် မင်းရဲသီခ်ိသူသည်၊ သက္ကရာဇ် ၉၁၀ ခုနှစ်တွင် နတ်ရွာစံခဲ့ရာ ဘုရင့်နောင်သည် တောင်ငူနန်းကို ဆက်ခံ စိုးစံသော ညီတော် မင်းခေါင်နှင့် တိုင်ပင်တော်မူပြီးလျှင်၊ ခမည်းတော် သီခ်ိသူမင်း၏ အရိုးအိုးကူတခုကို ယခု ရွှေဆံတော်ဘုရား တည်သည့် ကုန်းပေါ်တွင် တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။

သကျမဥ္ဇူ။ဘွဲ့တော် နှင့် ကြေးသွန်းဘုရားကြီး

ဘုရင့်နောင်မင်းတရားကြီး အထွဋ်အမြတ် သို့ရောက်တော်မူပြီးနောက်၊ သက္ကရာဇ် ၉၂၁ ခုနှစ်တွင် ခမည်းတော်ဘုရား၏ အရိုးအိုးတည်ရှိရာ ကူပေါ်၌ ကြေးစင် အချိန်တဆောင်ကို ပဉ္စလောဟာဘုရား သွန်းလုပ်၍ တည်ထား ကိုးကွယ်တော်မူသည်။ . ဘုရား၏ ဘွဲ့တော်မှာ **"သကျမဥ္ဇူ"** မည်၏။ ယင်း ဘုရားကြီး ထားရာ ကူဘုရားမှာ ယခု ပျက်စီးခဲ့ပြီ ဖြစ်သော်လည်း ထို ကူဘုရား၏ ပုံစံအတိုင်းကိုပင် နောင်အခါ၌ ကုသိုလ်ရှင်များက တည်ဆောက်ထားသဖြင့် ယင်းကူဘုရားငယ်ကို ယခင် ပုံစံအတိုင်း ယခု ဘုရားကြီး၏ အင်္ဂါထောင့်တွင် တွေ့မြင်နိုင်ပေသေးသည်။

သက္ကမဥ္ဇူ။ ခေါ် ကြေးသွန်းဘုရားကြီးကား မည်သည့် ဘုရား ဖြစ်မည်ကို မခန့်မှန်းနိုင်ပေ။ ယခု ဘုရားကြီး၏ အနောက်ဘက်ရှိ တန်ဆောင်းဖြင့် ထားသော ရုပ်ထုတော်ကြီး ဖြစ်လေမည်လော မသိရပေ။ ထိုသို့မှမဟုတ် ယခု ဂန္ဓကုဋီတိုက်အတွင်းရှိ ကြေးရုပ်ထု တော်ကိုပင် ဆိုလိုမည်လော မသိရပေ။ ယင်း သက္ကမဥ္ဇူ။ ဘုရားနှင့် ပတ်သက်သော ရတု, ကဗျာ, အဖွဲ့အနွဲ့ များသည်ကား တောင်ငူ ခေတ် စာပေများတွင် များစွာပါရှိသည်။

ဆံတော် ရောက်လာခြင်း

သက္ကရာဇ် ၉၃၀ ပြည့်နှစ် ဝါဆိုလတွင် သိန်းယုံငွေပြည်ကို စိုးပိုင်သတော်မူသော သိန်းယုံငွေမင်း ဓမ္မပါလသည်၊ ငါတို့ ဂေါတမ မြတ်စွာဘုရားသခင်အား စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ လွှအပ်သော အနားလေးရစ်ရှိမြသပိတ်တော်နှင့်တကွ ဆံတော်ပွါး ရှစ်ဆူကို သဘော်ဘတွင်ကင်လျက် ဟံသာဝတီပြည့်ရှင် ဘုရင့်နောင် မင်းတရားကြီးထံ ဆက်သရန် ရောက်ရှိလာလေသည်။ မြသပိတ် တော်နှင့် ဆံတော်ပွါးရှစ်ဆူတို့သည် ဟံသာဝတီသို့ ရောက်တော် မူလျှင် ဘုရင်မင်းမြတ်သည် နဝရတ် ကိုးပါး ခြယ်လှယ်သော စံကျောင်းတော်တွင်ထားတော်မူ၍၊ ဆံတော်ရှစ်ဆူအနက် (၄)ဆူ သော ဆံတော်များကို ဘုရင့်နောင် မင်းမြတ်သည် ညီတော် ပြည်မင်း၊ အင်းဝမင်း၊ မုတ္တမမင်းနှင့်တကွ တောင်ငူဘုရင်မင်းခေါင် ထံသို့ တည်ထားကိုးကွယ်တော်မူကြရန် ဆံတော်တဆူကျစီ ပေး သနားတော်မူသည်။

တောင်ငူဘုရင် သီဟသူရမဟာဓမ္မရာဇာ ဘွဲ့ခံ ညီတော် ဘုရင် မင်းခေါင်သည် ဆံတော်မြတ်ကို ကြိုလင့်၍ စံနန်းတော်၏ အရှေ့စွယ်တော်ကျောင်း၌ထား၍ ပူဇော်ကိုးကွယ်တော်မူသည်။ ထိုသို့

စွယ်တော်ကျောင်းသို့ တင်သည့် ညဉ်ပင် ဆံတော်ရှင်မှ ပြိုးပြိုး ပြက်သော ရောင်ခြည်တော်များ ထွန်းတောက် ခဲ့သည်ကို နန်း တွင်းသူများ ဖူးမျော်ကြရကုန်သည်။

တောင်ငူဘုရင် သီဟသူရ သည် ဆံတော်မြတ်ကို တည်ထား ကိုးကွယ်တော်မူလိုသဖြင့် ပြဿဒ်ကျောင်းဆရာတော်၊ ထီးလှိုင် ဆရာတော်တို့အား ရွှေနန်းတော်သို့ ပင့်ဘိတ်တိုင်ပင်တော်မူရာတွင် ဆရာတော်များက ယခု သိန်သူမင်း၏ အရိုးအိုးတည်ထားရာအရပ် သည် မင်းတရား၏နံတော်မှ တေဇအရပ်တွင် ဖြစ်သည်၊ ခမည်း တော်၏ အရိုးအိုးကို ပူဇော်သည်မှာလည်း တန်ခိုး တေဇာတော် ထွန်း တောက် ရာ ပင် ဖြစ် သည်။ ထို အ ရပ် ကုန်း မြင့် တွင် ပင် ဆံတော်ကို ဌာပနာ၍ တည်ရသော်၊ ဇမ္ဗူဒီပါ တောင်ကျန်းလုံးကို စိုးမိုးနိုင်မည့်ဘုန်းသမ္ဘာတော်များ ထွန်းတောက်လိမ့်မည်ဟု အကြံ ပေးသည့်အတိုင်း၊ သက္ကရာဇ် ၉၃၂ ခုနှစ်၊ ကန်ဆောင်မုန်းလတွင် ယခု ဆံတော်ရှင်ကုန်းကို စတင်မြည့်စေ၍ မြေမှ သည် အထက် တဆယ် ့ရှစ်တောင် အမြင့်သို့အရောက် မြေဖို့တော်မူသည်။ အုတ် ဖိုကုန်းခေါ် အိုးကုန်း အရပ်တွင် ဆံတော်ရှင်ဘုရား အတွက် အုတ် အများကို ဖုတ်ကြလေသည်။

ဆံတော်ရှင်ဘုရားကို တည်တော်မူခြင်း

သီဟသူရမဟာဓမ္မရာဇာ ဘွဲ့ခံ ဘုရင်မင်းခေါင် မင်းမြတ်သည်၊ ကောဇာသက္ကရာဇ် ၉၃၂ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဆံတော် ရှင် ဘုရားကို ရွှေအုတ်,ငွေအုတ်တို့ဖြင့် အုတ်မြစ် ချတော်မူသည်။ ထိုနှစ်သည်ကား- ဘုရင့်နောင် မင်းတရားကြီးသည် ယိုးဒယား တပြည်လုံးကို သိမ်းကျုံး အောင်မြင်တော်မူ၍ နေပြည်တော်သို့

ပြန်ရောက်လာချိန်ပင်ဖြစ်သည်။ တောင်ငူဘုရင်ညီတော်မင်းခေါင်သည်လည်း နောင်တော်ဘုရင်နှင့်အတူဟက္ခ စစ်စခန်းမှ ပြန်တော်မူလာ၍ ဆံတော်ရှင်ဘုရားကို စတင်တည်တော်မူသော အချိန်ပင်ဖြစ်လေသည်။ သက္ကရာဇ် ၉၃၄ ခုနှစ်တွင် အောက်ပစ္စယံ ၃ ဆင့်ကို တည်ဆောက် ပြီး၍ ၉၃၅ ခုနှစ်၊ တန်ခူးလတွင် သပိတ်မှောက်ကို တက်၍ ပြုလုပ်ရသည်။ သက္ကရာဇ် ၉၃၅ ခုနှစ်တွင် သပိတ်မှောက်အထိ ပြီး၍ ဌာပနာတိုက်ကို စီရင်ပြီး မင်းညီမင်းသား မှူးမတ် ကလန်အပေါင်းတို့ သဒ္ဓါတရား ထက်သန်စွာလျှင် ပူဇော်နိုင်ရန် ဌာပနာတိုက်ကို ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ အထိ ဖွင့်လှစ်ထား၍ ဌာပနာများကို လက်ခံတော်မူသည်။

ထို့ဌာပနာများတွင် ဘပင်ရှေထီးမင်း၏ ကြေးရုပ်တု၊ ရှေသား ရုပ်တု၊ ခမည်းတော် မင်းရဲသိန်သူ၏ ရှေရုပ်တု၊ မယ်တော် မိဖုရား ကြီး၏ ရှေရုပ်တု၊ တောင်ငူဘုရင် မင်းခေါင်နှင့် မိဖုရားခေါင်ကြီး၏ ရှေရုပ်တု၊ သားတော် သမီးတော် များ၏ ရှေရုပ်တုတော် များကို သွန်း လုပ် ဌာပနာတော် မူသည်။ ထို့မှတပါး- ကြေးစေတီကြီး၊ ငကြေးစေတီငယ်၊ ယင်းကြေးစေတီတော်တို့အတွင်းတွင် ဓါတ်တော် အပြည့်နှင့် မင်းတရားရှေထီး၏ဦးခေါင်းပုံတော်၊ ဖန်ပူး၏အတွင်း၌ ဓါတ်တော်အမျိုးမျိုး၊ အခြားဖန်ပူးတခုအတွင်း၌ ရှေသားဆင်းတု နှစ်ဆူ၊ မိုးကြိုးဆင်းတုတဆူ၊ ရှေစေတီတဆူ၊ စိန်ဆင်းတုတဆူ၊ ကျောက်နီပတ္တမြားခြယ်ထားသော ရှေကြာတ်တခု၊ ၎င်းအတွင်း၌ ပြိုးပြိုးပြက်သော ဓါတ်တော်များ ပါသည်။ ထို့နောက် ဓါတ်တော် များ ထည့်ထားသော ပုလင်းငယ်တခု၊ ဌာပနာတိုက် တဘက်စွန်း တွင် ငွေဆင်းတု ရုပ်ပွါးတော် တဆူ၊ ငွေဗောဓိပင်၊ ဖန်ပူးကြီး အတွင်း ကြေးစေတီနှစ်ထပ်၊ ငွေစေတီနှစ်ထပ် အတွင်း၌ ရှေစေတီ တထပ်နှင့် ယင်းအတွင်း၌ ပုလဲအဆင်းရှိသော ဓါတ်တော်များနှင့်

အလယ်တွင် ဆံတော် ထည့်ထားဟန် တူသော ပတ္တမြားကြုတ်၊ ကြေအိုးငယ်နှင့် ထည့်ထားသော ရဟန္တာ ဓါတ်တော်များ၊ မင်းတရားရွှေထီး၊ သို့မဟုတ် ဘုရင့်နောင်၏ကြေးရုပ်တုတခု၊ ထိုနောက် တန်းတွင် စိန်ဖူးကြီးတခု၊ စိန်ဖူးငယ်တခု၊ စိန်ဆင်းတုတဆူ၊ ရွှေစေတီတွင် ရွေကြာမှောက်ကြာလန်ပါသော စိန်ဖူးတခု၊ ကလပ်နှင့် ပူဇော်ထားသော ငွေဆင်းတုတဆူ၊ နှစ်ကျိပ်ရွှစ်ဆူ ဘုရားများပါသွန်းလုပ် ထားသော ကြေးစေတီပုံတော်ကြီး တဆူ၊ သိန်းယုဝ်ငွေကျန်းမှ ရသော ဆံတော်ဓါတ်ကိုမူ ပတ္တမြားဖြင့် စီခြယ်ထားသော ကြုတ်အတွင်း၌ ထည့်သွင်းထားဟန် တူသည်။ ဓါတ်တော်များ၏ စုစုပေါင်းမှာ ဆန်တကွမ်းစား (၂ ပြည်ခန့်) ရှိပါသည်။

မှတ်ချက်။ ။ ဤဖော်ပြပါစာရင်းမှာ၊ ၁၂၉၃ ခုနှစ် သီတင်းကျွတ်လတွင် မြေငလျင်တုန်လှုပ်ပြီး ဘုရားကြီး၏ သပိတ်မှောက်မှ သည် ထက်ပိုင်း ပြတ်ကျိုး၍ အောက်သို့ ကျလာရာ၌၊ ဌာပနာတိုက်အတွင်း ကစင့်ကလျားဖြစ်နေသော ဌာပနာများ၏စာရင်းကို ကောက်ယူထားချက်မှ ဖော်ပြအပ်ပါသည်။

သက္ကရာဇ် ၉၃၅ ခုနှစ်၊ သီတင်းကျွတ် လပြည့်နေ့တွင် ဌာပနာတိုက်ကိုပတ်ပါသည်။ ထို့နေ့ ထိုရက် ဌာပနာတိုက်ပိတ်ကြောင်းကို မှန်းဆ၍သာသိရပါသည်။ ဌာပနာတိုက်ကို လူအများ ဖူးမျှော်၍ ထည့်သွင်းပါဝင်နိုင်အောင် ဝါဆိုလမှ သည် သီတင်းကျွတ်လပြည့်နေ့အထိဖွင့်လှစ်ထားလိမ့်မည်ဟုခန့်မှန်းရပါသည်။အဘယ်ကြောင့် ဤသို့ခန့်မှန်းနိုင်ပါသနည်းဟူမူ၊ ၁၂၉၃-ခုနှစ်၊ ဘုရားကြီးပြိုပျက်စဉ် အခါက ဌာပနာတိုက်အတွင်းမှ နှစ်ကျိပ်ရွှစ်ဆူကြေးဘုရားပုံတော်နှင့်အတူ ၎င်းဘုရားပုံတော် အောက်ဘက်ခြေရင်း၌ -

"ကိုဝ်ရာသုံးဆယ် ငါးနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ အင်္ဂါနေ့၊ ဘုရားအမ စောပိန် ကောင်းမှု။ ရတနာသုံးပါး"

ဟူသော စာတမ်းကို တွေ့ရသောကြောင့် ဖြစ်ပါသတည်း။ ထို ကြောင့်ပင်လျှင် ထိုရက်သည် ဌာပနာတိုက်ပိတ်လုနီးရက်ဖြစ်သည် ဟု ယူဆရပါကြောင်း။

သက္ကရာဇ် ၉၃၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ဌာပနာ တိုက်ကို ပိတ် ပြီး နောက်၊ ယင်း နှစ် ကပေါင်း လ ပြည့် နေ့တွင် ဆံတော်ရှင် ဘုရားကို ထီးတင်တော် မူပါသည်။ ဘုရားကြီး၏ လေးပြင် လေးရပ်ဘွင်လည်း ခြိမ့်ခြိမ့်သဲမျှ ဇာတ် အငြိမ့် ရုပ်စုံပွဲ များကို ကျင်းပ ပြုလုပ်ပါသည်။ ပြဿာဒ်ကျောင်း ဆရာတော် အမှူးပြုသော သံဃာတော် (၁၀၀၀) တိုကိုလည်း ဆွမ်း သင်္ဃန်း များ ကပ်လှူဖောတော်မူ၍ သီဟသူရ မဟာဓမ္မရာဇာ မင်းမြတ် ကိုယ်တော်တိုင် ရေစက်သွန်းချတော်မူသည်။

ယင်းသို့ သက္ကရာဇ် ၉၃၅ ခုနှစ် တွင် ထီး တင် တော် မူ သော တောင်ငူဘုရင် သီဟသူရမဟာဓမ္မရာဇာ၏ ကုသိုလ်တော် ဆံတော် ရှင်ဘုရား၏ လုံးပတ်တော်မှာ သံတောင် (၁၅၄၀) အဝန်း ရှိသည်။ ညာဏ်တော်အရပ်မှာ သံတောင် (၁၂၀) မြင့်သည်။ သံတောင် ကိုးတောင်ရှိ စေတီရုံ (၂၀) ရှိသည်။ မဟာရုံတံတိုင်း၏ အမြင့်မှာ သံတောင် (၁၀) ရှိသည်။ အောက်ပန်းတင်ခုံ အရှေ့မှ အနောက်သို့ တာပေါင်း (၄၀)၊ တောင်မှမြောက်သို့ တာပေါင်း (၄၀) စီရှိသည်။ တာဝန်းမှာ တာပေါင်း (၁၆၀) ရှိသည်။ ဘုရားကြီး၏ အနောက် မြောက်ထောင့်တွင် မဟာဗောဓိညောင်ပင်ကို စိုက်သည်။ ဘုရား ကြီး၏ ပတ်ဝန်းကျင်တွင် ချယားပင်အမျိုးကို စိုက်သည်။ ဘုရား ကြီး၏ အရှေ့တောင်ထောင့်၊ အရှေ့မြောက်ထောင့်၊ အနောက်

တောင်ထောင့်၊ အနောက်မြောက်ထောင့် အရပ်တို့တွင် ရေတွင်း လေးတွင်းကို တူးတော်မူသည်။ ဘုရားကြီး၏ လေးမျက်နှာ မုခ် အထွက်တို့တွင် ဇရပ်ကြီးလေးဆောင်ကို ဆောက်လုပ်ထားသည်။

မြို့အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက် မြို့ရိုးအတွင်းတွင် ပြဿာဒ် ကျောင်းတော်ကြီး လေးဆောင်ကို ဆောက်လုပ်၍ ကျမ်းတတ်အကျော် ဆရာတော်များအား တင်လှူတော်မူသည်။

ဘုရားကြီးတည်သော သက္ကရာဇ် ၉၃၅ ခုနှစ်မှ သည်နောက်ဆုံး ပြုပျက်သော ၁၂၉၃-ခုနှစ်အတွင်း ယင်းဘုရားကြီးသည် သုံးကြိမ် တိုင်တိုင် ပြုပျက်၍ အသစ် ဇပ်မံ ငုံ၍ တည်ထား ကြောင်းကို အတွင်းအုတ်ရိုး ၃ ထပ်ကို ခန့်မှန်း ကြည့်ရခြင်း အားဖြင့် သိရှိနိုင်ပေသည်။


နတ်သျှင်နောင်မင်း ရေးသော ရတုများတွင် ဤဆံတော်ရှင် ဘုရားတိုင် ရတုတပုဒ်ကို တွေ့ရှိရပေသည်။ ထိုရတုမှာ "ရက်လ ခါကျော်"ခြို ရတုဖြစ်ပေသည်။ ထိုရတုတွင်–

"လက်ဆောင် ရှိအုပ်၊ ထိပ်ထက်ရုပ်၍၊ ကျွန်ုပ် သာပျော်၊ တိုင်လျှောက်ဖေါ် သည်၊ မည်တော်ပတ်ဝန်း၊ သောင်းလုံး မှန်းသည်။ ။ဆံပန်းကေသာမြတကား။ ။"

ဟူ၍ တွေ့ရပါသည်။

ရွှေဆံတော်ဒါယကာ နတ်ရွာစံ၍ သားတော်ကြီး နန်းတက်ခြင်း။

သက္ကရာဇ် ၉၄၆ ခုနှစ်တွင် ရွှေဆံတော် စေတီတော် ဒါယကာ တောင်ငူဘုရင် မဟာသီဟသူရ ဓမ္မရာဇာမင်း နတ်ရွာ စံတော်မူ၍



ရွှေဆံတော်ဘုရားကြီး သေကြာဒေါင့်ရှိ အာရုံခံ
အုတ်တန်ဆောင်းကြီးပုံ။

သားတော်အကြီး မင်းရဲကျော်ထင် ဘဲ့ခံ အိမ်ရှေမင်းသည် မင်းရဲသီဟသူ အမည်ဖြင့်ပင် ခမည်းတော်၏ အရိုက်အရာကို ခံယူတော်မူသည်။ ဤ မင်းလက်ထက် တောင်ငူ ရွှေနန်းကို အသစ် တဖန် တည်ထောင်ဖန်ဆင်းသည်ကိုအစဲပြု၍ ထိုမင်းကို "တောင်ငူ ရွှေနန်း တည်မင်း" ဟူ၍ ခေါ်သည်။ ထိုတောင်ငူဘုရင် မင်းရဲသီဟသူ နှင့် လေးကျွန်းမိဖုရား တို့မှ သားတော် အိမ်ရှေ ဥပရာဇာ နတ်သျှင် နောင်နှင့် ညီတော် မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲ ကျော်ထင် တို့ လေးပါးကို ဖွါးမြင်သည်။

သက္ကရာဇ် ၉၆၃ ခုနှစ်တွင်၊ တောင်ငူဘုရင် မင်းရဲသီဟသူသည် တောင်ငူရွှေနန်းကို အသစ်ပြန်၍ တည်တော်မူလိုသောဆန္ဒဖြစ်၍ ယခင် မင်းကြီး မဟာသီရိဇေယျသူရ ခေါ် - မင်းကြီးညိုတည်ရင်း ဟောင်း နန်းတော်နေရာမှသည်၊ ရွှေဆံတော်ဘုရား၏ တောင်ဘက်သို့ ရှေ့ပြောင်း၍ နန်းတော်နေရာကို စနစ်တော်မူသည်။

မှတ်ချက်။ ။ (ယင်းနေရာကား— ယခု ဆံတော်ရှင် ဘုရား၏ မြောက်ဘက် ဦးသုမနတိုက်ကျောင်းတော်ဟောင်း မှသည် မြောက်ဘက် အစိုးရအထက်တန်းကျောင်း နေရာအထိ ဖြစ်သည်။ အနောက်ဘက်ကိုမူ ရခိုင်စု အရှေ့ဘက် ထိပ် တိုင်အောင် ဖြစ်သည်။ ယခု ဦးသုမန ကျောင်းတိုက် နေရာသည် ထိုအခါက လှတ်တော်တည်ရာ နေရာဖြစ်သည်)။

တောင်ငူ ဘုရင် နတ်သျှင်နောင် စပ်ဖွဲ့ ဆိုတော် မူသော "သကျမဥ္ဇူ" ချီဘုရားတိုဏ် ရတုတပုဒ်တွင်၊

"သကျမဥ္ဇူ။ ထိန့်ရိုက်ဆူသား၊ ရိပ်ဖြူရက်ရှင်၊ ဖြန့်မိုးဆင်လျက်၊ ပလ္လင်ရွှေနန်း၊ လွှတ်ညာစွန်းက၊ စက်ဒုန်းမိုးမျှ၊ တိုင်းမဲ့ပသည်။ ။သိဂ်စံကျော် သွန်းရုပ်တော်"

ဟူ၍ ဆံတော်ရှင်ဘုရားပေါ်ရှိ "သကျမဥ္ဇူ" ဘုရားအား ဖဲ့ဆိုထားရာ၌၊ ယင်း ဘုရား ရုပ်တု တော်သည် လွှတ်တော်၏ ညာဘက်-(တောင်ဘက်)တွင်ရှိကြောင်း ဖဲ့ဆိုချက်အရ၊ လွှတ်တော်၏နေရာအမှန်ကို သိရခြင်းဖြစ်သည်။

တောင်ငူဘုရင် မင်းရဲသီဟသူ ခေါ် ရွှေနန်းတည် မင်းသည်၊ တောင်ငူရွှေနန်းကို အသစ်ပြန်တည်ရုံမျှမက၊ မြို့အခြေအနေကိုလည်း တမျိုးတဖုံအားဖြင့် ပြောင်းလဲစေတော်မူသည်။ ထိုမင်းလက်ထက် ပေါင်းလောင်းအနောက်ဘက်တွင် ဆင်ကျုံးတည်သည် ယင်းဆင်ကျုံးမှ နှစ်စဉ်ဆင်မျှားစွာကို အောက်ယူ၍ ရခဲ့သည်၊ ယင်းဆင်ကျုံးရှေ့ မြေပြင်ကို သာယာစွာလုပ်၍ နှစ်စဉ်နှစ်တိုင်း ဆင်မြင်းကို စမ်းစေသည်၊ မြင်းခင်း, ဆင်ခင်း သဘင်ကိုလည်း ကျင်းပသည်။

မှတ်ချက်။ ။ (ထိုနေရာကား- ယခု ကင်းဆိပ်ရပ်တည်း၊ ဆင်ကျုံးနေရာကား ယခုဆင်ဆိပ်ရွာဟု ခေါ်သည်)။

နန်းတော်၏ မြောက်ဘက်တွင် သုံးထောင်စျေးလမ်းမ ရှိသည်၊ ထိုစျေးလမ်းမမြေပြင်ကို သာယာစွာပြု၍၊ ဂူလီကစားကွင်းလုပ်သည်။ ယင်းကွင်းတွင် မင်းညီမင်းသား မှူးမတ်များ ဂူလီကစားကြသည်။ သုံးထောင်စျေးဟူသည် လှော်ကားသုံးထောင်မှူး၏ ဝင်းဟောင်း၌ စျေးတည်ထားခြင်းဖြစ်၍ သုံးထောင်စျေးခေါ်ကြသည်။ ဂူလီကွင်းမှာ ယခုအစိုးရအထက်တန်းကျောင်း၏ အရှေ့

ဘက်ရှိ ကန်လမ်း ဖြစ်သည်။ ယခု စျေးတန်းဟောင်း ရပ်သည် ရွေးက သုံးထောင်စျေး၏ နေရာပင် ဖြစ်သည်။ မြောက်ဘက်တွင် လမ်းမတော်၊ အရွှေ မဏ္ဍပ်လမ်း၊ အနောက် နံပါတ်(၁၁)လမ်း အတွင်းတွင်ရှိသည်။ သီဟသူရမင်းသည် မြို့၏ အရွှေတောင်ဘက်တွင် မေတ္တာကန်ကြီး တခုကို တည်တော်မူသည်။ စတိထောင့် အရပ်တွင် ဇရပ်ကြီးတဆောင်နှင့် ဘုရားတဆူ တည်တော်မူသည်။ စတိထောင့်,ဟူသည်ကား ယခု ဇလီထောင့်, ခေါ်သော အရပ်ပင် ဖြစ်သည်။

သီဟသူ မင်းတရားကြီးသည်၊ ခမည်းတော် မင်းခေါင် လက်ထက်တွင် ယိုးဒယားမှ ရရှိလာသော ယိုးဒယား သုံ့ပျား နှင့် ပညာသည်များကို ယခု ယိုးဒယားတန်း,ဟု ခေါ်သော နေရာတွင် နေရာချထားပေးသည်။ ယိုးဒယားသူ ဘုရင့်နောင်နှင့်အတူ တုံ့ကာ ခိုက်ရာ၌ စစ်လက်နက် ပစ္စည်း အများအပြား ပြုလုပ်ရာ အရပ်ကို ပန်းပဲတန်းအရပ်ဟု ခေါ်တွင်သည်။ တိုက်တန်းအရပ် ဟူသည်မှာ တောင်ဘုရင်မင်းခေါင်လက်ထက်တွင် ကြေးတိုက်ထားရာ အရပ် ဖြစ်သည်။ ထိုနေရာကို နောင်အခါတွင် တိုက်တန်း, ခေါ်နေကြသည်။ မန်းရပ်ဟူသည်မှာ ယခင်က မင်းနန်းတော် နေရာဟောင်း ဖြစ်သည်ကို အစဲပြု၍ မင်းရပ်၊ ၎င်းမှ မန်းရပ်, ဟူသော အမည်သို့ ရွှေလျားလာသည်ဟုဆိုသည်။ ဇောင်ခြမ်းထောင်အရပ်၊ သို့မဟုတ် စောင်ရမ်းထောင်အရပ် ဟူသည် သစ်တပ် စောင်ရမ်း ကာရံထားသော အရပ်ဖြစ်သည်ကို အစဲပြု၍ စောင်ရမ်းထောင်အရပ် ခေါ်ကြောင်း ကြားသိရပေသည်။ အုတ်ကျတ်တန်းမှာ ရှေးအခါက တရားရုံးအရွှေဘက်တွင် အချုပ်ထားရာတန်းဖြစ်သည်ကို အစဲပြု၍ အုပ်ချုပ်တန်း ခေါ်ရာမှ အုတ်ကျတ်တန်း ဖြစ်လာသည်ဟု ဆို၏။

တောင်ကွေ့စေးရပ်၊မြောက်ကွေ့စေးရပ်တို့မှာ ယင်းအရပ်မှ တောင်ဘက်သို့ဝင်း၊ မြောက်ဘက်သို့ဝင်း ကွေ့လိုက်လျှင် စေးသို့ ရောက်သည်ကို အစဲပြု၍ ခေါ်ကြောင်း ရှေးလူကြီးသူမတို့ အမှတ် အသား ရှိသည်ကို ဖော်ပြရခြင်း ဖြစ်ပေသည်။

တောင်ငူ ရွှေနန်းတည်မင်းသည်၊ ယခု မြို့၏အနောက်တောင် ထောင့်ရှိ ကြာအင်း (ယခု ကန်တော်ကြီး) ဝယ်၊ စပယ်ကျွန်း၊ အုန်းကျွန်း၊ ငှက်ပျောကျွန်း၊ လိမ္မော်ကျွန်း ဟူသော ကျွန်း လေး ကျွန်းကို ဖန်တည်း၍ သာယာစွာ ထားတော်မူသည်။ ထို့ကြောင့် လည်း လေးကျွန်းကန်တော် ဟု အမည်တွင်သည်။ ၎င်းကြာအင်း အတွင်း အငွေ့ဘက်ကိုမျက်နှာပြု၍ လက်ဝဲမြနန်း၊လက်ျာမြနန်း ဆောက်တော်မူသည်။

မှတ်ချက်။ ။(တခါက ကန်တော်ကြီးတွင် ရေခမ်းခြောက်ရာ ဟသ်ပြဒါးသုတ် တိုင်ကြီးများကို မပျက်မစီး တွေ့ ရှိရဘူးသည်)။

ယင်းကြာအင်းအတွင်းရှိ ကျွန်းများအပေါ်တွင် မင်းတဲများ ဆောက်လုပ်၍ မင်းညီမင်းသား မိဖုရား မှူး မတ်များ ဝန်းရံလျက် ဘုရင်မင်းမြတ်သည် ရေသဘင် စံမြန်းတော်မူသည်။ မင်းနှင့် မိဖုရားတို့မှာ ကရဝိတ်ရွှေဖေါင်တော်တွင် စံပယ်တော် မူလျက်၊ မင်းညီမင်းသား မိဖုရား မှူး မတ်တို့မှာလည်း မိမိတို့ရရှိအပ်သော အဆောင်အယောင် လှေတော်များနှင့် နောက်တော်က လိုက်ပါ တော်မူ၍ ပျော်ရွှင်စွာ စံပယ်တော်မူပြီးမှ ရေနန်းသို့ တက်တော် မူသည်။

ထိုအခါက ကြာအင်းသည် ရေဟောင်းကို ထုတ်၍ ရေသစ်ကို သွင်းနိုင်လောက်အောင် စီမံထားသည်။ အနောက် မြို့ရိုး၏ ကျုံး

အတွင်းသို့ ရေဟောင်းကိုထုတ်၍၊ ရေသစ်ကိုမူ ယင်း ကျုံးအနီးရှိ ချောင်းငယ်မှရေကို သွင်းယူသည်။

နတ်သျှင်နောင် နန်းတက်ခြင်း

သက္ကရာဇ် ၉၇၁ ခုနှစ်၊ ဝါခေါင်လဆန်း (၁၅) ရက် နေ့တွင် တောင်ငူ ရွှေနန်းတည်မင်းသည် နတ်ရွာစံ ကံတော်ကုန်သည်ဖြစ်၍ သားတော်အကြီး နတ်သျှင်နောင်သည် တောင်ငူနန်းကိုသိမ်းမြန်း စိုးစံတော်မူသည်။ ထိုမင်းကား- နှလုံးရည်, လက်ရုံးရည်, တို့ဖြင့် ပြည့်စုံသည်၊ စောင်း ညင်း လည်း တတ်သည်၊ ဂူလီ ကစားခြင်းကို လည်း စုံမက်တော်မူသည်။ ထိုမင်းလက်ထက်တွင် မြတ်စွာဘုရား သခင်၏ မြသပိတ်တော်နှင့် စွယ်တော်မြတ်တို့ကို နန်းရွှေ စွယ်တော် စင်တွင် ထား၍ ကိုးကွယ်တော်မူသည်။ ထိုစွယ်တော်မြတ် နှင့် မြသပ်တ်တော်တို့ကို ဟံသာဝတီ ငါးဆူဒါယကာမင်းလက်ထက်တွင် ဟံသာဝတီပြည်ကို တောင်ငူမင်းက တိုက်ခိုက်သိမ်းယူ၍ တောင်ငူ သို့ ပင့်ဆောင်လာခဲ့ခြင်းဖြစ်သည်။

သက္ကရာဇ် ၉၇၂ ခုနှစ်တွင်၊ အင်းဝဘုရင် အနောက်ဘက်လွန် မင်းသည် တောင်ငူကို လာရောက် တိုက်ခိုက် သိမ်းယူပြီးနောက် မြသပ်တ်တော်နှင့် စွယ်တော်မြတ်တို့ကို အင်းဝသို့ ယူဆောင်သွား သည်။ တောင်ငူကိုလည်း မှန်ကင်းချ၍ နတ်သျှင်နောင်ကိုပင် ဘုရင်ငယ်အဖြစ် ထားခဲ့သည်။

နတ်သျှင်နောင်သည် ဘုရင်တပါး၏ လက်အောက်ခံ အဖြစ် ညှိုးငယ်စွာစံစားနေရခြင်းထက် သေရသည်က မြတ်သေးသည်ဟု ထင်မှတ်တော်မူသည်။ ထိုအတွင်း သံလျှင်ကိုစားသော ကုလား ငဇင်ကာ သည်၊ နတ်သျှင်နောင်အား သွေးဆောင် လှည့်ဖျား


လေသည်၊ ဆင်းရဲငြိုငြင်စွာ သူတပါးလက်အောက် နေရသည်ထက် စွန့်စားတော်လှန်၍ ရုန်းထွက်လိုသည့်အတွက် ကုလားငဇင်ကာ၏ အကူအညီကို ယူမိသည်။ ညစ်ညမ်းသော အကြံအစည်ရှိသော ငဇင်ကာသည်၊ နတ်သျှင်နောင်အား မဟာမိတ် ပြုဟန်ဆောင်၍ တောင်ငူသို့ စစ်သည်အင်အားနှင့် ရောက်လာသည်။ တောင်ငူကို မီးရှို့ဖျက်ဆီးလိုက်၍ ရွှေငွေရသမျှကို သိမ်းယူသည်။ ထိုနောက် နတ်သျှင်နောင်အား ကိုယ်လုပ်တော် ၂ ယောက်၊ လူတဆယ်နှင့် သံလျှင်သို့ ခေါ်ဆောင်သွားသည်။ နန်းတော်နှင့်တကွ ကေတုမတီ တမြို့လုံး ပြာကျ၍ ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုည ဖြစ်ရရှာတော့သတည်း။

★ ★ ★



ရွှေသံတော်ဘုရားသမိုင်း


နောက်ဆက်တွဲ



✡

ဤသည်မှာ ကျွန်ုပ်၏
အစ်ကိုများဖြစ်ကြသော
ဂျော်ဒန်မြစ်ကမ်းပါးတွင်
ခြေတစ်လှမ်းချင်း
လျှောက်လှမ်းခဲ့ကြသော
ဗိုလ်ကျမှုဆိုင်ရာ
ကြောက်မက်ဖွယ်
ရုပ်ပုံလွှာများ
ဖြစ်ပါသည်။

✡



ယခု အသစ်တဖန် ပြန်လည်တည်ဆောက် ပြီးစီးနေသည့်
ရွှေဆံတော်ဘုရားကြီး ပုံတော်။

ရွှေဆံတော်ဘုရားသမိုင်း

နောက်ဆက်တွဲ။

ဗုဒ္ဓမြတ်စွာတကာမူရင်းဖြစ်သည့်၊ မြန်မာမင်းမျိုး ကံဇာတာ ညှိုးသည့်အခိုက် အင်္ဂလိပ်တို့သည် ပဌမအကြိမ် (အုံးအုံးရုံးသံ ကုလားအကြံ) ဆိုသည့် ရှေးစကားအတိုင်း၊ ၁၁၈၆ ခုနှစ်တွင် ယေး ဘိတ် ထားဝယ်နှင့်– တနင်္သာရီတို့ကို သိမ်းပိုက်ခဲ့သည်။ ထို့နောက် (အောက်က အောင်လံ စိုက်ထူပြန်) ဆိုသည့် အတိုင်း၊ ဒုတိယအကြိမ် ၁၂၁၇ ခုနှစ်တွင်- ရေနီ ကျောက်တိုင်အထိ သိမ်းပိုက်ပြန်သည်။

ထိုအခါ ကေတုမတီ တောင်ငူမြို့၌ အင်္ဂလိပ်တို့သည်၊ မြတ်စွာဘုရား၏ သရီယဓါတ် ဆံတော်မြတ် ကိန်းဝပ် ကျောင်းတော်နှင့် ပမာတူသော ရွှေဆံတော်ဘုရားကြီးကို သပိတ်မှောက်အထိ ဖြိုဖျက်ပြီးခါ၊ အဝေးရန်သူကြည့် မှန်ပြောင်းခုံပမာ အသုံးပြုလေတော့သည်။ ထိုအခါ မြန်မာလူမျိုးအများဝမ်းထဲ၌၊ သွေးပုတ်ပုတ် ဆူမျှ မခံမရပ်နိုင်အောင်ဖြစ်သော်လည်း အင်္ဂလိပ်များ၏ မျက်နှာကိုမျှ မော်မကြည့်ဝံ့သည့်အခါဖြစ်၍ အံကြိတ်ပြီး သည်းခံခဲ့ကြရသည်။

ဤအခါသမယ၌ မြန်မာလူရေချွန်ဟု ဆိုလောက်သည့် ပုဂ္ဂိုလ်ကြီး ဦးဖေမှာ အင်္ဂလိပ်လက်အောက်တွင် အခွန်ဝန်မင်း ဘဝနှင့် အမှုထမ်းဆောင်နေခိုက်ဖြစ်သဖြင့်၊ မြို့သူမြို့သားများနှင့် တိုင်ပင်ခါ၊ ရဲရဲတောက် သတ္တိပြောင်မြောင်စွာဖြင့်၊ အင်္ဂလိပ်မင်းတို့ထံ

ပျက်စီးနေသောရွှေဆံတော်စေတီတော်ကြီးကို အကျိုးအကြောင်းပြ တောင်းခံသဖြင့် ပြန်လည်ရရှိပြီး၊ နယ်သူနယ်သားအမျှားနှင့် တကွ၊ သဒ္ဓါတရား စိတ်ထက်သန်စွာဖြင့် ရွှေဆံတော်စေတီကြီးကို အောင်မြင်စွာ ပြန်လည်တည်ဆောက် ပြီးမြောက်ခဲ့လေသည်။

၁၂၉၂ ခုနှစ်၊ ဟံသာဝတီတွင် မြေငလျင် ကြီးစွာလှုပ်ခြင်းကြောင့်၊ တိုက်အိမ်အဆောက်အဦးများစွာ ပြိုပျက်ရာ၌ တောင်ငူရွှေဆံဘော်ဘုရားကြီး၏ ဌက်မြတ်နားနှင့် စိန်ဖူးတော်ကြီးမှာ ထိုလျင်ဒဏ်ကြောင့် မြင်မကောင်းအောင် တိမ်း စောင်း ဖိလာယိမ်းစောင်းခြင်း ဖြစ်ရရှာသည်။ထိုကြောင့် ထို ဌက်မြတ်နား နှင့် စိန်ဖူးတော်ကြီးကို အောက်သို့ ပင့်ခါ နယ်သူ, နယ်သား၊ မြို့သူ, မြို့သားအများ စေတနာသဒ္ဓါဟုန်ကြောင့် ပြန်လည်ပြုပြင် အောင်မြင်ရပြန်သည်။

သို့သော်-တဖန် ၁၂၉၃ ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက် ညဉ့်အချိန်တွင် မြေငလျင်ကြီးစွာလှုပ်ပြန်သဖြင့်၊ ဘုရားကြီးမှာ ပြိုအက်ပျက်စီးပြီးလျှင် ဌက်မြတ်နားနှင့် စိန်ဖူးတော်ကြီးတို့မှာ မြေကြီးသို့ ခ,ရပြန်လေသည်။ သို့သော် မြို့သူမြို့သား၊ နယ်သူနယ်သားများ၏ စေတနာသဒ္ဓါတရား ထက်သန်မှုကြောင့် ထိုသို့ မြေခ,သော ဌက်မြတ်နား နှင့် စိန်ဖူး တို့ကို တဖန် ပြင်ဆင် ပြီး စီး သော် လည်း ၁၂၉၄ ခုနှစ်၊ ဝါဆိုလ မိုးဃ်းတွင်းအခါတွင် မိုးဃ်းသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘုရားကြီး၏ ဌက်ပျော်ဖူးကြီးမှာ ပြိုကဲ့ ပျက်စီးရပြန်လေသည်။

ထိုသို့ပြိုကဲ့ပျက်စီးပြန်ရသည့်အခိုက်၊ မန္တလေးမြို့မှရောက်ရှိလာသော အင်္ဂလိပ်လူမျိုး မစ္စတာပါဆယ်သည်၊ သဒ္ဓါတရား လွန် ကြီးမားစွာဖြင့် ကျိုက်သို့ ပြိုအက်ပျက်စီးနေသော ဌက်ပျော်ဖူးကြီးကို

သူတဦးတည်းအနေနှင့် ပြန်လည် ပြင်ဆင်နိုင်ပါရန် တောင်းပန်ခါ တောင်းဆိုချက်ကို ဂေါပကအဖွဲက ခွင့်မပြုနိုင်ဘဲ ငြင်းပါယ်ခဲ့ ပါသည်။

ထို့နောက် ရိက္ခာတောင်ရ နော်မံကျောင်းဆရာ ဦးမောင်ကြီး အမှူးရှိသော ပြန်လည် တည်ဆောက်ရေး အဖွဲ့ လူကြီးမင်းများ ခေါင်းဆောင်ခါ မြို့နယ်လူထု အကူအညီဖြင့် စေတီတော်ကြီးကို ပြန်တည်ဆောက်၍ ၁၃၀၃- ခုနှစ်တွင် စေတီတော်မြတ်ကြီးအား ရွှေချအောင်မြင်ပြီးစီးသဖြင့် ထီးတော်တင်ပွဲပြုလုပ်အံ့ဆဲဆဲ၊ သခ်ါရနယ်တွင်း ဝိပါက်တော် မကင်းသည့်အလား ၁၃၁၃ ခုနှစ်၊ တန်ခူးလဆန်း(၃)ရက်။ ခရစ်သက္ကရာဇ် ၁၉၄၂ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် အင်္ဂလိပ်မဟာမိတ် တရုပ်စစ်သားများသည် စေတီတော်မြတ်ဆံတော်ဓါတ်ကို ဒိုင်းနမိုင်းဖြင့် ဖေါက်ခဲ့ ဖျက်ဆီးလေခြင်းကြောင့် တတိယပစ္စယံတိုင်အောင် ပြုံကွဲပျက်စီးခြင်း ဖြစ်ရရှာလေသည်။

ထိုမှစ၍ နောက်ကာလ၌ ဒုတိယ ကမ္ဘာစစ်မီးကြီး တောက်လောင်သည့် အတွက်၊ လူ, ရွာ, ရဟန်း အများ ပရမ်းပတာ ပြေးကြရရှာသဖြင့် ကိုယ်တော်မြတ်ဖျား ထံအပါးမှာ တော ချို့ ပိတ်လျောင်း နှယ်အပေါင်းတို့ ရစ်လျောင်းပတ်ခါ တောကြီးအလား ဖြစ်ခဲ့ရရှာလေသည်။

ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ကံအားလျော်စွာ သဒ္ဓါတက်ကြွလှသည့် မြို့သူ မြို့သား အပေါင်းတို့သည်၊ ထို ပိတ်ခြို့ ကာဆီးနေသော တောကြီးကို အပတ်တကုတ် ကြိုးစား အားထုတ် ရှင်းလင်းနေကြခိုက်၊ ဗိုလ်ချုပ် အောင်ဆန်း သည် တိုင်းခမ်း လှည့် လည် တောင်ငူမြို့ သို့ ရောက်ရှိရာတွင် ဘုရားဒါယကာ ဖြစ်ထိုက်သည့် အလျောက် စိတ်စေတနာ သဒ္ဓါတရား ထက်သန်စွာ အားပေး

ကူညီမှုကြောင့်၊ရန်ကုန်မြို့-မြင်းပြိုင်ကွင်း အသင်းကြီးမှ ရွှေဆံတော်ဘုရား ဘဏ္ဍာတော်ငွေ အဖြစ် ကျပ်ငွေ တသောင်း ငါးထောင် (၁၅၀၀၀ဝ)ရရှိသည့်အပြင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ အကူအညီဖြင့် ကယ်ဆယ်ရေးရုံပုံငွေမှ ကျပ်ငွေ ငါးထောင် (၅၀၀၀ဝ) ရရှိသောကြောင့် မြို့သူမြို့သား,နယ်သူနယ်သားတို့၏အကူအညီဖြင့် ဝိုင်းဝန်းပြန်လည်တည်ဆောက်ကြရာ၊ ၎င်းဘဏ္ဍာတော်နှစ်သောင်း မတည်ပြီး ဦးစံဖေ အမှူးရှိသော ဂေါပက လူကြီးမင်းများ ရွှေဆောင်၍ အခြေတည်ခိုက်၊ ကံကြမ္မာဆိုး ဝိပါက်တော်နှင့် တဖန် တိုးရပြန်သဖြင့် ၁၃၁၀- ခုနှစ်၊ ပြာသိုလဆုတ် (၁၄) ရက်၊ ခရစ်သက္ကရာဇ် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက် နံနက် အစောကြီး အချိန်တွင် ကောအင်၊ဒီးအို ကရင်သောင်းကျန်းသူများ တော်လှန်ကြပြီး၊ တောင်ငူ တခရိုင်လုံး သိမ်းကျုံး စိုးမိုး အုပ် ချုပ် ကြလေသည်။

ထိုအခါ ခရိုင်တခုလုံး ကြိမ်မီးအုံး သကဲ့သို့ၜင်း၊ ရေနည်းငါး ပမာကဲ့သို့ၜင်း၊ ကြောင် ပါးစပ်တွင်းရှိ ကြွက် ပမာကဲ့သို့ ဖြစ်ရရှာလေသော အချိန် အခါ၌၊ တောင်ငူမြို့- အငြိမ်းစား စစ်ကဲကြီး ဦးအေးချို (အော၊ တီ၊ အမ်) နှင့်၊ မန်းရပ်- ရွှေ ငွေ့ စိန် ရတနာ ကုန်သည် ဦးဘညိန်း တို့ ခေါင်းဆောင်ပြီး ဗုဒ္ဓဝေယျာဝစ္စ အဖွဲ့ဖဲ့ပြီးခါ၊ ဘုရားကြီးမှာ ခါးတော်က ပြတ်နေသည့် အဖြစ်တွင် သဒ္ဓါတရား ထက်သန်စွာဖြင့် သပ်တ်မှောက်အထိ ပြုပြင်နိုင်ခဲ့ပြီး၊ နေ့စဉ် ဆွမ်းတော်, ပန်းတော်ဆက်ကပ်ခါ မြို့ထိပ်, မြို့လယ်တို့တွင် နေ့,ည မပြတ် ပရိတ်မေတ္တာ ဘာဝနာများ ဆက်ခါဆက်ခါ ရွတ် ဘတ် သရဇ္ဈာယ်မှုကြောင့် ပြောဆိုရမည့်အလား ၁၃၁၁ ခုနှစ်၊ တန်ခူး လဆန်း(၂)ရက်၊ ခရစ်သက္ကရာဇ် ၁၉၅၁ ခုနှစ်၊ မတ်လ(၁၉)ရက် နေ့ မိုးချုပ် နေဝင် အချိန်လောက်တွင် ဗမာ့တပ်မတော် စစ်သည်

တော်များ ရုတ်တရက်ဝင်ရောက် ကေအင်ဒီအို သောင်းကျန်းသူ သူပုန်များကို အောင်မြင်စွာနှိမ်နင်းမှုကြောင့် ယခင်က ကေအင်ဒီအို သူပုန်များက မိမိတို့သည် မြို့မှ ဆုတ်ခွာသွားရလျှင် မြို့ကို ပြာအတိသာ ဖြစ်စေမည်ဟု ကြံရွယ် ပြောဆို ငြားသော်လည်း ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် ကေအင်ဒီအို သူပုန်များသည် တောင်ငူမြို့မှ မိမိတို့ မူလရည်ရွယ်ချက် အကြံအစည်ကို မဆောင်ရွက်နိုင်ဘဲ၊ ကပင့်ကလျား ဒရောသောပါး ကြက်ပျော်က် ငှက်ပျော်က် ထွက်ပြေး တိမ်းရှောင်သွားကြရလေသည်။

ထိုအခါ၊ မြို့သူ, မြို့သား၊ နယ်သူ, နယ်သား အားလုံးတို့မှာ ကွန်ယက်အတွင်းကလွတ်သည့် ငါးများပမာ လွန်မင်းစွာ အားရဝမ်းသာဖြစ်ကြပြီး၊ အငြိမ်းစား စစ်ကဲကြီး ဦးအေးချို (အေ၊ တီ အမ်)နှင့်၊ ခရိုင်ဝန်အဖြစ် ဆောင်ရွက်ရန် ပြောင်းရွှေ့လာသော ဦးအုန်းဖေ တို့နှင့်တကွ၊ ဂေါပကအဖွဲ့ဝင်ဖြစ်သော ရွှေကုန်သည် ဦးဘညိန်းတို့ ပူးပေါင်းဆောင်ရွက် ကြိုးစားမှုကြောင့်၊ စေတီတော်ကြီးနှင့်တကွ အရှေ့ဘက် အာရုံခံနှစ်ပြား တန်ဆောင်းကြီးပါ တိုးတက်ကောင်းမွန်လာရာတွင်၊ ၁၃၁၂ ခုနှစ်၊ ကပေါင်းလွဆန်း (၁၅)ရက်၊ ခရစ်သက္ကရာဇ် ၁၉၅၁ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်– ဦးနု ကိုယ်တိုင် ကွန်ရောက်လာ၍၊ ဗိုလ်ပါအပေါင်း စုံလင်စွာဖြင့် ရွှေဆံတော် စေတီကြီးကို အုတ်မြစ်ချလေ၏။

၁၃၁၃ ခုနှစ်၊ နတ္တော်လွဆန်း(၇)ရက်၊ ခရစ်သက္ကရာဇ်၊ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ပင့်ဆောင်လာသော သီဟိုဠ်ကျွန်းမှ မြတ်စွာဘုရားဓါတ်တော်များနှင့် ရဟန္တာဓါတ်တော်များမှာ- ကောင်ငူမြို့သို့ ဒေသစာရီကြွချီတော်မူလာပြီး၊ ရွှေဆံတော်

ဘုရား အရှေ့မုခ် နှစ်ပြားတန်ဆောင်းကြီးတွင် ကိန်းဝပ်တော်မူပြီး ရှင်လူအများ သဒ္ဓါပွါး၍ သောင်းသောင်းဖျဖျ ဖူးမျှော်ကန်တော့ ကြရလေသည်။

၁၃၁၃ ခုနှစ်၊ နတ္တော်လွန်း(၁၄)ရက်၊ ခရစ်သက္ကရာဇ် ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့ နံနက် (၉)နာရီ (၁၀)မိနစ် အချိန်တွင်၊ အဘိုးထိုက်တန်သော ရတနာ ဆင်းတုတော်၊ ပရိဘောဂများကို ဌာပနာတော်မူပြီး၊ ဘတိယပစ္စယံ ဌာပနာတိုက် ပိတ်ပွဲကြီးကို သာသနာရေးရာဝန်ကြီး ဦးဝင်း ကိုယ်တိုင် ကြွရောက်လာပြီး၊ အပေါင်းများစွာ ဒါယကာတို့နှင့် ကြီးကျယ်ခမ်းနားစွာ ဌာပနာတိုက်ပိတ်ပွဲကြီးကိုဆင်ယင်ကျင်းပကြပါသည်။

ခရိုင်ဝန်မင်း ဦးအုန်းဖေ ခွင့်ယူ နားနေခိုက်၊ ခရိုင်ဝန်မင်း ဦးစိန်ချောနှင့် ဇနီးတို့ပါ ရောက်ရှိလာပြီး၊ ရိက္ခာတော်ရစ်ကဲကြီး ဦးအေးချို(အော၊တီ၊အမ်)ဦးစီးသော ဂေါပကအဖွဲနှင့် တဲ့ဘက်ခါ ၁၃၁၃ ခုနှစ်၊ တပို့တဲ့လဆန်း(၁၅)ရက်၊ ခရစ်သက္ကရာဇ် ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၈)ရက်နေ့ နံနက်(၁၀)နာရီ (၃၀)မိနစ် အချိန်တွင် အရှည်(၄၂)ပေရှိသော ကျန်းသား ပိန္ဒဲတိုင်ကြီးကို ဒါယကာအများ အဖွဲအသီးသီးတို့နှင့်တကွ၊ လူရောရှင်ပါ သိုက်မြိုက် ခမ်းနားစွာ ဆင်ယင်ကျင်းပသည့်အပြင်၊ ရွှေဆံတော်ဘုရားကြီးမှာ ရှေးအထက်ကျော်ကာရိက မရှိခဲ့ဘူးသည့် အနောက်မုခ်ကို ခရိုင်ဝန် ဦးစိန်ချောနှင့်တကွ ဂေါပကအဖွဲဝင်လူကြီးများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့်၊ မြို့သူ,မြို့သား၊ နယ်သူ,နယ်သား ဒါယကာအပေါင်းတို့၏ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့်၊ အနောက်မုခ် ဖွင့်ပွဲကြီးတွင် သံဃာတော်အပါး (၁၀၀) တို့ကို

ဆွမ်းလောင်းပြီးလျှင်၊ ခရိုင်ဝန်မင်း ဦးစိန်ချော ကိုယ်တိုင်ဖွင့်လှစ်ပြီးစီးခဲ့ပါသည်။

၁၃၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်၊ ခရစ်သက္ကရာဇ် ၁၉၅၂ ခုနှစ်၊ မေလ(၁၀)ရက်နေ့ နံနက်(၈)နာရီ (၃၀)မိနစ် မင်္ဂလာအခါတော်အချိန်တွင်၊ မြတ်စွာဘုရား၏ သွေးတော်မှ ဖြစ်တော်မူသော ဓါတ်တော်များ၊ ရဟန္တာအရှင်မြတ်၏ ဓါတ်တော်များ၊ ရွှေသား၊ စိန်သား၊ မြသားအကို သွင်းလုပ်တော် မူသော ဆင်းတုတော်၊ ပရိဘောဂအစုံ ဧဃာင်သောင်း များစွာတို့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် ဌာပနာတော်မူပြီးလျှင်၊ နယ်ရှိ အလှူရှင်အပေါင်းတို့နှင့် သောင်းသောင်းအုပ်အာ မမြင်သာအောင် ခမ်းနားသိုက်မြိုက်စွာ ဌာပနာတိုက်ပိတ်ပွဲကြီးကို ဆင်ယင်ကျင်းပကြလေသည်။

ထို့နောက် ဝန်ကြီးချုပ်ဦးနု စိမံညွှန်ကြားချက်အရ၊ ခရိုင်ဝန်မင်း ဦးစိန်ချော၊ နာယကလူကြီး ဦးအေးချို နှင့် ဂေါပကအဖွဲ့ဝင်များ ညီညာဖျဖျ၊ လုံးပန်းဆောင်ရွက်ချက်ကြောင့်ဂုင်း၊ နယ်သူ,နယ်သား၊ မြို့သူ,မြို့သားများ စေတနာ သဒ္ဓါဟုန်ဖြင့်ဂုင်း၊ စေတီတော်ကြီးမှာ သပိတ်မှောက်အထိ ပြီးစီး အောင်မြင်ခဲ့ပြီး၊ ၁၃၁၄ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့ ခရိုင်ဝန်မင်း ဦးစိန်ချော မှာ စေတီတော်ကြီးကို ဆက်လက် မလုပ်ကိုင်နိုင်ရှာဘဲ၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ သွားရသဖြင့်၊ ထိုပုဂ္ဂိုလ်၏နေရာ ခရိုင်ဝန်မင်း ဦးဘအေး ရောက်ရှိလာပြီး၊ ဂေါပကအဖွဲ့ဝင် လူကြီးမင်းများ နယ်သူ,နယ်သား၊ မြို့သူ,မြို့သားတို့၏ စေတနာဒ္ဓါသဟုန်ကြောင့် ဘုရားကြီးကို ဆက်လက်တည်ဆောက်ရေးနှင့်၊ ဇရပ်၊တန်ဆောင်း

များ ပြုပြင်ဆောက်လုပ်ခါ၊ ဓါတ်မီးအစုံတို့ဖြင့် တန်ဆာဆင် ပြီးမြောက်ခဲ့လေသည်။

များမကြာမီအတွင်း၊ ခရိုင်ဝန်မင်း ဦးဘအေး ပြောင်းရွှေ့ သွားရပြန်သဖြင့်၊ ထိုနေရာခရိုင်ဝန်မင်း ဦးခင် ဆက်လက် ဆောင် ရွက်နေသည့်အတွင်း၊ ဝန်ကြီးချုပ် ဦးနု နှင့်တကွ၊ တရားဝန်ကြီး သတိုးသီရိဓမ္မ ဒေါက်တာ ဦးအေးမောင် တို့ တောင်ငူသို့ ရောက် လာခါ၊ နယ်သူ,နယ်သား၊ မြို့သူ,မြို့သားတို့အား ဘိတ်ခေါ် စည်း ဝေးပြီး စေတီတော်ကြီးအတွက် အလှူခံရာ၊ ဇေယျဝတီ သကြား စက် သူဌေးနှင့်- နယ်သူ,နယ်သား၊ မြို့သူ,မြို့သားတို့ သဒ္ဓါတရား ထက်သန်စွာဖြင့် ငွေတသိန်းနီးပါး ရက်ရောစွာ လှူဒါန်းကြသဖြင့် နာယကကြီး သီရိပျံချီဗိုလ်မှူးကြီးစိန်ဝင်း၊ ခရိုင်ဝန်ဟောင်း ဦးခင် ခရိုင်ဝန်မင်း ဦးစိုးရ၊ ဂေါပကအဖွဲ့အတွင်းရေးမှူး စိန်ရွှေရတနာ ကုန်သည်ကြီး ဦးညွန့်တို့ အပါအဝင် ဦးစီးစေပြီးလျှင်၊ စေတီ တည်ဆောက်ရေးအဖွဲ့ကို ချက်ခြင်းပင် ဖွဲ့လိုက်ပါသည်။ ထိုကဲ့သို့ စေတီတော်ကြီးကို ဆက်လက်တည်ဆောက်ရေး၌၊ အထက် လွှတ် တော် အမတ်မင်း ဦးစံက သဒ္ဓါတရား ထက်သန်စွာဖြင့်၊ အုတ် လေးသိန်းခဲ့ တန်ဘိုးငွေ နှစ်သောင်း ကိုးထောင် နှစ်ရာ့ ငါးဆယ် (၂၉၂၅၀) စေတနာသုံးတန်ပြတ်ဌာန်းခါ၊ လှူဒါန်းပါသည်။

စေတီတော်ကြီးကို ၁၃၁၆ ခုနှစ်၊ နယုန်လကုန်လောက်မှစ၍ ဆက်လက် တည်ဆောက်ရာ သီတင်းကျွတ်လကုန်တွင် စေတီတော် မြတ်ကြီး ငှက်ပျောဖူး၊ ကြာမျောက်၊ ကြာလှုန်အထိ၊ အချောကိုင် ရွှေချပြီးစီးသဖြင့်၊ ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၉)ရက်နေ့၊ ခရစ်သက္ကရာဇ် ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀)ရက် နေ့အထိ၊ ခုနစ်ရက်တိုင်တိုင် ဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်ခါ၊




ရွှေဆံတော်ဘုရားကြီး၏ ကြာသပတေးဒေါင့်ရှိ

သာသနာတော်စောင့် နတ်မင်းကြီးပုံ။

သတိုးသီရိသုဓမ္မ ဝန်ကြီးဒေါက်တာ ဦးအေးမောင်၊ နာယကကြီး သီရိပျံချီ ဗိုလ်မှူးကြီးစိန်ဝင်း၊ ခရိုင်ဝန် ဦးစိုးရ၊ ခရိုင်ဝန် ဦးခင်တို့ကို အမှူးထား၍၊ မင်းခမ်းမင်းနားနှင့်တကွ ကပ္ပံ, ပြပ္ပံ, ပြိုင်ပွဲ ဇာတ်ပွဲ, အငြိမ်ပွဲ, ရုပ်သေးပွဲ, ရုပ်ရှင်ပွဲ, ပျော်ပွဲ, ရှင်ပွဲ, ခြင်းအယိုင် ခတ်ပွဲများအပြင်၊ မြို့နယ်ရှိ ဂေါပကအဖဲ့ အသင်းသီး၊ အမျိုးသို့မဟုတ်အသီးသီး များလှစွာတို့နှင့်တကွ၊ အလှန်စည်ကားသိုက်မြိုက်စွာ ထီးတော်တင် ကပ်လှူပွဲကြီးကို ဆင်ယင်ကျင်းပပြီးစီးပါသည်။

ပြီး၏။

★ ★ ★



တောင်ငူရာဇဝင်အကျဉ်းချုပ်

နှင့်

ရွှေဆင်တော်ဘုရားသမိုင်း။

တောင်ငူမြို့- ရွှေဆံတော်ဘုရားကြီးဂေါပကအဖွဲ့

မူပိုင်။

ပဌမနှိပ်ခြင်း၊ စာအုပ်ရေ(၂၀၀၀)။

တောင်ငူမြို့

ရွှေဆံတော်ဘုရားကြီး ဂေါပကအဖွဲ့

အတွက်

ဦးဝင်းမောင်(ယာယီမှတ်ပုံတင်အမှတ် ၂)က

ထုတ်ဝေ၍

တောင်ငူမြို့- စျေးလမ်း၊ အမှတ် (မ/၁၂၇)

ဇေယျာစာပုံနှိပ်စက် (ယာယီမှတ်ပုံတင်အမှတ် ၁) တွင်

ပုံနှိပ်သည်။

★

